# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (20-7-2006) (၅၀၂၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတထံ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဇူလိုင်　၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၆ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို၊ ဘန်ဘန်း၊ ယူဒါယိုနိုထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဇူလိုင်　၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်၊ ယူစွပ်၊ ကာလာထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **Madame Phoebe A. Gomez** နှင့် သံတမန်များ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနား ကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၁၁နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)လဲချားမြို့ရှိ မြို့မအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၀-၇-၂၀၀၆
(ကြာသပတေးနေ့)

## ပြည်ထောင်စုကြီး၏အကျိုးစီးပွား လက်တွဲညီညီပေါင်းစည်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးကိုရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်း၏ ဖွံ့ဖြိုး တိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးလာစေရေး ဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် ဖွံ့ဖြိုး တိုးတက်မှု၏ အသီးအပွင့်များ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

အတိတ်ကာလက ရှမ်းပြည်နယ် အစွန်အဖျားရှိ ဒေသများသည် သောင်းကျန်းမှုအန္တရာယ်ကြောင့် ကလေးသူငယ်များ ပညာသင်ယူနိုင်ခွင့် ဆုံးရှုံးခဲ့ကြရာမှ ယနေ့ကာလတွင် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ကျေးရွာတိုင်းနီးပါး၌ စာသင်ကျောင်းများ ဖွင့်လှစ်လာနိုင်ပြီဖြစ်သည်။ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ အစိုးရ နည်းပညာကောလိပ်၊ကွန်ပျူတာကောလိပ်၊ ပညာရေးကောလိပ် တို့တွင် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များကို ဆည်းပူး သင်ကြားနေကြပြီဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် အေးသာယာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကို ဇူလိုင်လ ၁၈ ရက်နေ့က ဖွင့်လှစ် လိုက်ရာ ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာဆည်းပူးရာ တွင် မိမိဒေသအတွင်း၌ပင် ပိုမိုလွယ်ကူစွာ သင်ယူခွင့်ရရှိပြီဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း တစ်ချိန်က မြစ်ချောင်း၊ တောင်များ ကာဆီးထားမှုကြောင့် အနေနီးသော်လည်း ခရီးဝေးခဲ့ကြရသူများ သည် နိုင်ငံတော်က လမ်းသစ်၊ တံတားသစ်များစွာ ဖောက်လုပ် တည်ဆောက်ပေးမှုကြောင့် အနယ်နယ်အရပ်ရပ်သို့ အလွယ်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ပြီဖြစ်သည်။

ယနေ့ကာလ၌ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံ ဖွံ့ဖြိုးရေးဒေသတို့ကိုဗဟိုပြုပြီး ရှမ်းပြည်နယ်တစ်ခွင် အေးချမ်းသာယာ ဖွံ့ဖြိုးစည်ပင်နေခြင်းသည် အိပ်မက်ဟုပင်ထင်မှတ်ရသည်။ စက်မှုဇုန် များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ မိုင်းလားနှင့် တာချီလိတ်နယ်စပ်မြို့ကြီးများ ဖြစ်ထွန်း နေခြင်းသည် မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှု၏ ပကတိမြင်ကွင်း များပင် ဖြစ်သည်။

ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးစည်ပင် နေခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းခြင်းပင် ဖြစ်သည်။ တိုင်းရင်းသားများအချင်းချင်း ရင်းနှီးချစ်ကြည်မှုအစဉ်အလာ၊ ခိုင်မာ မြဲမြံသော ညီညွတ်မှုစွမ်းပကားတို့ကို အရင်းတည်လျက် ရရှိဖြစ်ထွန်း နေသည့် ငြိမ်းချမ်းရေးကို အလေးထားထိန်းသိမ်းရင်း ပြည်ထောင်စုကြီး ၏ အကျိုးစီးပွားအတွက် လက်တွဲညီညီ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက် ခြင်းဖြင့် နိုင်ငံတော်သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

## ဇွန်လတွင် မူးယစ်ဆေးဝါးအမှု ၂၃၀ ဖမ်းဆီးအရေးယူနိုင်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၀၆ ခုနှစ် ဇွန်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း၂၃၀ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၈မှ အလေးချိန် ၉၂၈ ဒသမ ၇၀၅၆ ကီလို၊ ဘိန်းဖြူ ၇၅ မှ အလေးချိန် ၂၅ ဒသမ ၄၃၆၁ ကီလို၊ ဘိန်းညိုတစ်မှ အလေးချိန် ၅ဒသမ ၀၃၅ ကီလို၊ ဘိန်းဆီငါးမှ အလေးချိန် ၁ ဒသမ ၇၃၅၅ ကီလို၊ အဆင့်နိမ့်ဘိန်းခြောက်မှ အလေးချိန် ဒသမ ၇၈၈၂ ကီလို၊ ဆေးခြောက် ၁၇ မှ အလေးချိန် ၆ ဒသမ ၉၀၂၃ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၆၂မှ ၉၉၇၆၅၅ ပြား၊ အက်ဖီဒရင်းအလေးချိန် ကီလို ၃၈၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ၂၁ ဒသမ ၁၂၇၆ ကီလို၊ ဘိန်းစာမှုန့် ၁၁ မှ အလေးချိန် ၁၄၅ ဒသမ ၉၁၀၂ ကီလို၊ ကက်တမင်းတစ်မှ အလေးချိန် ၁၆ ကီလို၊ ကေဖင်းအလေးချိန် ၅၄၅ ဒသမ ၄ကီလို၊ အက်စစ်တစ်အင် ဟိုက်ဒြိုက် ပမာဏ ၁၀၀၁ လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၃၆၆လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၃၇၅ ကီလို၊ မှတ်ပုံတင်ပျက် ၁၂မှု၊ အခြားအမှု နှစ်မှု ဖမ်းဆီးရမိ ခဲ့သည်။

၂၀၀၆ ခုနှစ် ဇွန်လတွင် အမှုပေါင်း ၂၃၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၃၀၄ ဦး၊ တရားခံ အမျိုးသမီး ၆၅ ဦး၊ စုစုပေါင်း တရားခံ ၃၆၉ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## သန်လျင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

**ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ ကျောင်းရှေ့၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင်တို့က ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဝင်းအတွင်း ဆေးလိပ်၊ အမှိုက်နှင့် ခြင်ကျားကင်းစင်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။**

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင်တို့ ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်း၏ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်ကင်းစင်၊ အမှိုက် ကင်းစင်၊ ခြင်ကျားကင်းစင်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

အလားတူ ကျန်းမာသော ပတ်ဝန်းကျင်နှင့် ဆေးလိပ်ကင်းစင် ကျောင်း၊ အမှိုက်ကင်းစင်ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း ဆိုင်းဘုတ် ဖွင့်ပွဲကို သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ရန်ကုန်တောင်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပ သည့် အခြေခံပညာကျောင်းများအား ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့်ဆေးလိပ်၊ အမှိုက်၊ ခြင်ကျားကင်းစင်သော ကျောင်းများ အဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်း ရှင်းလင်းပွဲ အခမ်းအနားကို အဆိုပါ ကျောင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို လက်ခံကာ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် အမှိုက်ပုံးများကို ပေးအပ်လှူဒါန်းသည်။

### ဟောပြော

ထို့နောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယ တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းတို့က ကလေးများ အတွက် ကျန်းမာသော ပတ်ဝန်းကျင် နှင့် အမှိုက်၊ ဆေးလိပ်၊ ခြင်ကျား ကင်းစင်သော ကျောင်းဖြစ်စေရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ နှင့် ပတ်သက်၍ ပညာပေး ဟောပြော ကြသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးတင်စောက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ထိုမှ တစ်ဆင့် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေသည် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသော အဘိုး၊ အဘွားများနှင့် ကိုယ်အင်္ဂါချို့ယွင်း၊ မသန်စွမ်းသည့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုနှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြား သည်။

ထို့နောက် ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမြင့်ဇော်က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် အဘိုး၊ အဘွားများနှင့် ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းကလေး များအတွက် အလှူရှင် ဦးအောင်သန်းဦး နှင့် ဦးစိန်မင်းတို့က ငွေကျပ်နှစ်သိန်းစီ နှင့် တည်းခိုခန်းပိုင်ရှင်များ စုပေါင်း လှူဒါန်းငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အဘိုး၊ အဘွားများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြပြီး ဆေးရုံ အတွင်း အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးနေမှုကို လိုက်လံ ကြည့်ရှုကြကာ အခမ်းအနားကိုရုပ်သိမ်း လိုက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင် နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ သွားရောက် ၍ ရင်သွေးငယ်ကလေးများ၏ ကဗျာ ရွတ်ဆိုပြသမှုနှင့် အာဟာရကျွေးမွေး နေမှုကို ကြည့်ရှုအားပေးကြပြီး သန်လျင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း သို့ သွားရောက်ကာ ကိုယ်ဝန်ဆောင် မိခင်များအား ထောက်ပံ့ငွေများ ပေးအပ် သည်။ (သတင်းစဉ်)

## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) ၏ ဦးဆောင်မှု ဖြင့် တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ခြံစည်းရိုး ကြက်ဆူပင် ၂၀၀၀ စိုက်ပျိုးပွဲနှင့် အမက(၃၂) တာမွေကျောင်းဝင်းအတွင်း သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် ခြင်ယင်နှိမ်နင်းရေးနှင့် အမှိုက် သရိုက်ကင်းစင်ရေး လုပ်ငန်းများ ဆောင်ရွက်ပွဲကို ဇူလိုင် ၁ ရက် နံနက် ပိုင်းက အမက(၃၂)ကျောင်းဝင်းအတွင်း ပြုလုပ်သည်။ **(အောက်ပုံ)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ တာမွေမြို့နယ် မူးယစ် ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ညွန့်၊ ဒုဥက္ကဋ္ဌ ဦးလှဝင်း၊ ပုဏ္ဏားကုန်းရပ်ကွက် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုး မြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက် ကြသည်။ **(၀၈)**



# မြန်မာနိုင်ငံသည် ၂၀၁၄ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေးဦးတည်ချက်ဖြင့် ဘက်စုံကြိုးပမ်းလျက်ရှိ
# မူးယစ်ဆေးဝါးပြဿနာသည် တစ်ကမ္ဘာလုံး၏ပြဿနာဖြစ်၍ ဝိုင်းဝန်းအဖြေရှာပြီးချုပ်ငြိမ်းစေရမှာဖြစ်
# မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်
# နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ ကြိုးပမ်းဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၉

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား–**

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်တွေ့ကျကျ အောင်မြင်မှုများရရှိနေတဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်စေလိုတဲ့အတွက် ဧည့်သည်တော်ကြီးများကို အခုလို မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိတဲ့ ဇရိယာအထိရောက်အောင် ခေါ်ဆောင်ပြသရခြင်းပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အောင်မြင်တဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ဒီအခမ်းအနားကို ကြွရောက်လာတဲ့ သတင်းစာဆရာကြီးများ၊ သံတမန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပသတင်းဌာနများကနေတစ်ဆင့် နိုင်ငံတကာသို့ပါ ထင်ထင်ရှားရှား သိစေလိုပါကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီရဲ့ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)နဲ့ ၂၀၀၆ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားများမှာ နယ်ချဲ့စနစ်ဆိုးကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကို မူးယစ်ဆေးဝါး ပျံ့နှံ့ရောက်ရှိလာတဲ့ သမိုင်းကြောင်းကစပြီး မူးယစ်ဆေးဝါးပြဿနာကို မြန်မာနိုင်ငံအစိုးရအဆက်ဆက်က တားဆီးနှိမ်နင်းခဲ့ပုံတွေနဲ့ မူးယစ်ဆေးဝါးပပျောက်ဖို့အတွက် ဆောင်ရွက်ခဲ့ရတဲ့ စစ်ဆင်ရေးကြီးတွေမှာ တပ်မတော်သားတွေ စွန့်လွှတ်စွန့်စား အသက်ပေးတိုက်ဖျက်ချေမှုန်းခဲ့ရတာတွေကိုလည်း ပြည့်ပြည့်စုံစုံတင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် ဒီအကြောင်းတွေကို ထပ်မံပြီး ရှင်းလင်းတင်ပြမနေတော့ဘဲ သမိုင်းရဲ့ အမွေဆိုးအဖြစ်ကျန်ရှိနေတဲ့ မူးယစ်ဆေးဝါးရဲ့ပြဿနာကို ဒေသတိုင်း နယ်မြေတိုင်းမှာ အပြောနဲ့မဟုတ်ဘဲ တကယ့်လက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဒီနေ့ မီးရှို့ဖျက်ဆီးမယ့်မူးယစ်ဆေးဝါးများဟာ သောင်းကျန်းသူနယ်မြေတွေနဲ့ ထိစပ်ပြီး SSNA ခွဲထွက်အဖွဲ့ရဲ့ နယ်မြေအတွင်းက ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများပဲဖြစ်ပါတယ်။ အခုလို ဘိန်းချက်နေရာတွေအထိပါ ဖမ်းဆီးရမိနိုင်ဖို့အတွက် ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်တွေဟာ နယ်မြေခံတပ်မတော်၊ မူးယစ်ဗဟိုနဲ့ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအတွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နဲ့လည်း သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ရပါတယ်။

**စစ်ကြောဖော်ထုတ်ချက်အရ ဘိန်းချက်နေရာတွေမှာ ချက်လုပ်ပြီးတဲ့ မူးယစ်ဆေးဝါးဘိန်းညိုမှုန့်တွေကို လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာကနေ ပင်လုံ၊ နမ့်စန်၊ တာချီလိတ်၊ တာချီလိတ်ကတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယားကို ပို့ပြီး ဩစတြေးလျနိုင်ငံအရောက် ပို့ဆောင်သွားဖို့ရှိကြောင်း ဖော်ထုတ်သိရှိရ။ ယခုဖြစ်စဉ်မှာ ဘိန်းညိုချက်လုပ်ရန် ငွေကြေးစိုက်ထုတ်ပေးသူကတော့ ပြည်ပနိုင်ငံမှဖြစ်ပြီး နိုင်ငံတကာဈေးကွက်ကိုပါ တင်ဆောင်ရောင်းဝယ်မှုအတွက် စီစဉ်သူဖြစ်ကြောင်းလည်း ဖော်ထုတ်ရရှိခဲ့တဲ့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်နေဆဲဖြစ်။**

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ပဏာမရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

အဲဒီလိုသတင်းတွေ စုဆောင်းနေတဲ့အချိန်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ယိမ်းဒေသမှာရှိတဲ့ Shan State National Army (SSNA) ခွဲထွက်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးချုပ် မောင်လှဟာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ဆန်းပိုင်းကစပြီး ဝမ်ယိမ်းအနီးမှာရှိတဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ဘိန်းစိမ်းများ ကောက်ယူစုဆောင်းနေကြောင်း၊ ဘိန်းစိမ်းတွေ ဝယ်ယူဖို့အတွက် ငွေကြေးကိုလည်း တောင်ကြီးမြို့ကနေ ဝမ်ယိမ်းဒေသကို ပို့ထားပြီးကြောင်းနဲ့ အဲဒီဘိန်းတွေကို ဘိန်းဖြူချက်လုပ်ဖို့အတွက် လိုအပ်တဲ့ဓာတုဗေဒပစ္စည်း ကိရိယာများလည်း ပြည်ပနိုင်ငံတွေကတစ်ဆင့် တရားမဝင် ခိုးသွင်းရောက်ရှိနေပြီး ဖြစ်တယ်ဆိုတဲ့ သတင်းများကို ဒေသခံပြည်သူများရဲ့ အကူအညီနဲ့ စတင်ရရှိခဲ့ပါတယ်။

ရရှိတဲ့သတင်းကို စနစ်တကျ အတည်ပြုတဲ့အခါမှာ SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးချုပ်မောင်လှက ဝမ်ယိမ်းဒေသမှာရှိတဲ့ ၂၈ရွာမှ ရွာသူကြီးတွေကို ခေါ်ယူတွေ့ဆုံပြီး ဘိန်းပိဿာချိန် ၅၀ကနေ ၂၀၀အထိ ရရှိအောင် မဖြစ်မနေစုဆောင်းပေးရန်နဲ့ တစ်ပိဿာကို ငွေကျပ် သုံးသိန်းခွဲဈေးပေးမှာဖြစ်ပြီး ဘိန်းတွေဝယ်ဖို့အတွက် ငွေကျပ်သိန်းပေါင်း ၁၆၀၀၀၀ ကိုလည်း ငွေကြေးစိုက်ထုတ်သူတွေကတစ်ဆင့် စနစ်တကျစီစဉ်စုစည်းထားပြီးဖြစ်ကြောင်းကို ဆက်လက်အတည်ပြုနိုင်ခဲ့ပါတယ်။

ရရှိတဲ့သတင်းဟာ ခိုင်မာမှန်ကန်မှုရှိကြောင်း သုံးသပ်ပြီးတာနဲ့ ဘိန်းချက်နေရာများကို ဖော်ထုတ်ရှင်းလင်းဖို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်ထံ တင်ပြစီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၆ခုနှစ် မေလ ၃ရက်နေ့မှာ တပ်မတော်စစ်ကြောင်းများ၊ မူးယစ်ဗဟို၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့နဲ့ တောင်ကြီးမူးယစ်အထူးအဖွဲ့တို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ သတင်းရရှိထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာမှာရှိတဲ့ SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌမောင်လှ ပိုင်ဆိုင်တဲ့ မြင်းမွေးမြူရေးခြံအတွင်းကို ဝင်ရောက်ရှာဖွေတဲ့အခါ မောင်လှရဲ့တပည့် အောင်အောင်(ခ)စောရွှေနဲ့ ရှစ်ရှောင်(ခ)လောက်ခန်းတို့ကို တွေ့ရှိရပြီး ဘိန်းဖြူချက်လုပ်ရာမှာ အသုံးပြုတဲ့–

- အမိုနီယမ်ကလိုရိုဒ် အမှုန့် ၃၇၅ ကီလို
- အမိုနီယမ်ကလိုရိုဒ် အခဲ ကီလို ၁၀၀
- လွိုင်ဇော ဂါလန် ၆၀
- ဟိုက်ဒရိုကလိုရစ်အက်စစ်၁၀ဂါလန်တို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။

ဆက်လက်ပြီး ပူးပေါင်းအဖွဲ့ဟာ ပစ်မှတ်တစ်ခုဖြစ်တဲ့ ဝမ်ယိမ်းအုပ်စု ဝမ်ကတ်ရွာက အန်ပီးရဲ့နေအိမ်ကို ဝင်ရောက်ရှာဖွေတဲ့အခါ ဘိန်းစိမ်း ၃ဒသမ၂၆ ကီလိုကို သိမ်းဆည်းရမိခဲ့ပါတယ်။ ၂၀၀၆ခုနှစ် မေလ ၆ရက်နေ့မှာ အဲဒီအိမ်မှ အမိုနီယမ်ကလိုရိုက် အခဲ ၅၀ ကီလိုဂရမ်ကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

ပူးပေါင်းအဖွဲ့ဟာ ရရှိထားတဲ့ သတင်းတွေအရ မနားမနေ ရေဆုံးမြေဆုံး ဆက်လက်ဖော်ထုတ်ခဲ့ရာ ၂၀၀၆ခုနှစ် မေလ ၅ရက်နေ့မှာ ဝမ်ယိမ်းကျေးရွာမှာရှိတဲ့ SSNA စခန်းအနောက်မြောက်ဘက် ကိုက် ၅၀၀ခန့်အကွာ ရေကန်ဘေး လျှိုထဲမှာ ဘိန်းချက်နေရာဟောင်းကို ဖော်ထုတ်ရရှိပြီး ဘိန်းချက်ရာမှာအသုံးပြုတဲ့–

- ပီပါဟောင်းတွေ
- ဘိန်းချက်ရာအသုံးပြုတဲ့ စွန့်ပစ်ပစ္စည်းတွေ၊ မီးဖိုဟောင်းတွေနဲ့
- ဘိန်းအခြောက်ခံရာမှာ အသုံးပြုတဲ့ ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။

၂၀၀၆ခုနှစ် မေလ ၇ရက်နေ့မှာတော့ ပူးပေါင်းအဖွဲ့ဟာ စခန်းရဲ့ အရှေ့မြောက်ဘက် ကိုက် ၁၅၀ ခန့်အကွာမှာရှိတဲ့ လျှိုအတွင်းက

- ဘိန်းညို ၃၄၃ ကီလို
- ဘိန်းစိမ်း ၆၅ ဒသမ ၃၁၄ ကီလို
- ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၃၀
- လိုင်စင်မဲ့မော်တော်ယာဉ်မျိုးစုံ ၁၈ စီး
- မြန်မာကျပ်ငွေ ၂၃ ဒသမ ၅ သိန်း
- GSM ဖုန်း တစ်လုံး
- သစ်ခွဲသားဆိုဒ်မျိုးစုံ ၃၇ တန်
- တရုတ်နိုင်ငံလုပ် ယမ်းကတ် ၉၅၀၀ တို့ကို ထပ်မံဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာ ပူးပေါင်းအဖွဲ့ဟာ တောင်ကြီးမြို့ပေါ်မှာရှိတဲ့မောင်လှရဲ့နေအိမ်နဲ့ SSNAခွဲထွက်ဗဟိုဌာနချုပ်ရုံးကို တစ်ပြိုင်နက် ဝင်ရောက်ရှာဖွေခဲ့ပါတယ်။ အဲဒီနေရာတွေမှာတွေ့ရှိခဲ့သူတွေကို စစ်ကြောဖော်ထုတ်ပြီး မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေတဲ့ တရားမဝင်ငွေကြေးကိစ္စတွေကို ဆက်လက်စစ်ကြောခဲ့ရာမှာ ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ဘိန်းများဝယ်ယူရန်အတွက် လိုအပ်တဲ့ငွေများကို တောင်ကြီးမြို့ကနေ ဝမ်ယိမ်းဒေသကို ပို့ဆောင်ပေးတဲ့ အားတီ(ခ) အားဆိုက်(ခ) အားဆိုင်နဲ့ နမ်းခမ်းအိမ်၊ ကျားဖာ(ခ) ဘရမ်ခွမ်(ခ) ဆူကျန်းဟွာ၊ ဘိန်းများကို တာဝန်ယူချက်လုပ်ပေးတဲ့ လောက်ရော်(ခ)ယော်ကျားစိမ်းနဲ့ ဘိန်းချက်နေရာက အထွေထွေလုပ်သား အားစန်(ခ)ရှောက်စန်းတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။

ဖမ်းဆီးရမိသူတွေရဲ့ စစ်ကြောဖော်ထုတ်ချက်တွေအရ ၂၀၀၆ခုနှစ် မေလ ၁၃ရက်နေ့မှာ ပင်လုံမြို့နယ်၊ ဝမ်ကာရွာအနီးမှာရှိတဲ့ ဘိန်းချက်နေရာကို ဝင်ရောက်စီးနင်းနိုင်ခဲ့ပြီး အဲဒီနေရာမှ–

- ဘိန်းရည် ဂါလန် ၁၄၀
- ဟိုက်ဒရိုကလိုရစ်အက်စစ် ဂါလန် ၄၀
- လွိုင်ဇော ဂါလန် ၁၀၀
- ဘိန်းဆီခဲ ၁ ဒသမ ၀၈ ကီလို
- မြန်မာငွေကျပ် ၁၇သိန်းနဲ့ ဘိန်းချက်လုပ်ရာမှာအသုံးပြုတဲ့ ဆက်စပ်ပစ္စည်းကို ဖော်ထုတ်ရရှိခဲ့ပါတယ်။

ယခုဖမ်းဆီးရမိတဲ့ဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူတရားခံ အမျိုးသား ၁၃ဦး၊ တရားခံ အမျိုးသမီး သုံးဦး စုစုပေါင်း တရားခံ ၁၆ဦးကို ဖမ်းဆီးအရေးယူခဲ့ပါတယ်။ SSNAခွဲထွက်အဖွဲ့ဒုတိယဥက္ကဋ္ဌ မောင်လှအပါအဝင် ငါးဦးထွက်ပြေးတိမ်းရှောင်နေတဲ့အတွက် ဖမ်းဆီးရမိရေးကို သက်ဆိုင်ရာ မူးယစ်အထူးအဖွဲ့များနဲ့ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်နေဆဲဖြစ်ပါတယ်။

စစ်ကြောဖော်ထုတ်ချက်အရ ဘိန်းချက်နေရာတွေမှာ ချက်လုပ်ပြီးတဲ့မူးယစ်ဆေးဝါးဘိန်းညိုမှုန့်တွေကို လဲချားမြို့နယ်ဝမ်ယိမ်းကျေးရွာကနေ ပင်လုံ၊ နမ့်စန်၊ တာချီလိတ်၊ တာချီလိတ်ကတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယားကိုပို့ပြီး ဩစတြေးလျနိုင်ငံအရောက် ပို့ဆောင်သွားဖို့ရှိကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ယခုဖြစ်စဉ်မှာ ဘိန်းညိုချက်လုပ်ရန် ငွေကြေးစိုက်ထုတ်ပေးသူကတော့ ပြည်ပနိုင်ငံမှ ဖြစ်ပြီး နိုင်ငံတကာဈေးကွက်ကိုပါ တင်ဆောင်ရောင်းဝယ်မှုအတွက် စီစဉ်သူဖြစ်ကြောင်းလည်း ဖော်ထုတ်ရရှိခဲ့တဲ့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ မူးယစ်ဆေးဝါးကိစ္စနဲ့ ပတ်သက်ပြီး အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ဘိန်းစုဆောင်းပေးပို့ခြင်း၊ ချက်လုပ်သည့်နေရာ စီစဉ်ပေးခြင်းတို့ကို မောင်လှနဲ့အပေါင်းပါအချို့က ဆောင်ရွက်ခဲ့ကြတာဖြစ်ပြီး SSNA ခွဲထွက်တစ်ဖွဲ့လုံးနဲ့ သက်ဆိုင်မှုမရှိကြောင်းလည်း ဖော်ထုတ်သိရှိရပါတယ်။

တစ်ဆက်တည်းမှာပဲ လဲချားမြို့နယ် ဝမ်ယိမ်းဒေသမှာရှိတဲ့ လျှို့ဝှက်ဘိန်းချက်နေရာကို ဖော်ထုတ်အရေးယူခဲ့ပြီး ဆက်စပ်နေသော အချက်အလက်များစွာကို ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် ဆီဆိုင်မြို့နယ်၊ နားသန်ကျေးရွာအုပ်စု၊ ထီခေါင်ကျေးရွာအနီးမှာ ခိုးဝှက်ဆောင်ရွက်နေတဲ့ ဘိန်းချက်နေရာရှိကြောင်းကို ထပ်မံသတင်းရရှိခဲ့ပါတယ်။ ဒါ့ကြောင့် ပူးပေါင်းအဖွဲ့ဟာ ၂၀၀၆ခုနှစ်၊ မေလ၂၃ရက်နေ့မှာ အဲဒီပစ်မှတ်နေရာကို ဝင်ရောက်ရှာဖွေစီးနင်းတဲ့အခါ–

| | |
|---|---|
| – ဘိန်းစိမ်း | ၉၇ ဒသမ ၉ ကီလို |
| – ဘိန်းရည် | ၄၅ လီတာ |
| – အမိုနီယမ်ကလိုရိုဒ် | ၁၂၅ ကီလို |
| – လွိုင်ဇော | ၁၁၂ ဒသမ ၅ လီတာ |

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

## တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ရေနံတင်သင်္ဘောနစ်မြုပ်

**ကျိုနန် ဇူလိုင် ၁၈**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်အနီးတွင် သောကြာနေ့ မွန်းတည့်ချိန်က ရေနံတင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောသားသုံးဦးကို ကယ်တင်နိုင်ခဲ့သော်လည်း တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိရာ ရှာဖွေဆဲဖြစ်ကြောင်း ပင်လယ်ရေကြောင်း လုံခြုံရေးတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

လူရှန်ဖိုင်း-၆၆ အမည်ရှိ ရေနံတင်သင်္ဘောသည် သောကြာနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ရောင်းချန်းမြို့ရှိ ဆိပ်ကမ်းမှ မီတာ ၅၀၀ ခန့်အကွာ ပင်လယ်ပြင်တွင် နစ်မြုပ်သွားကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သင်္ဘောနစ်မြုပ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေနံတင်သင်္ဘော နစ်မြုပ်သည့်ဖြစ်ရပ် ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ တာဝန်ရှိသူက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

## မွမ်ဘိုင်း ဗုံးပေါက်ကွဲမှု မသင်္ကာသူနှစ်ဦးကို နီပေါရဲတပ်ဖွဲ့ ဖမ်းဆီး

**ခတ္တမန္ဒူ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများတွင် ပါဝင်ပတ်သက်သည်ဟု မသင်္ကာသူ ပါကစ္စတန်လူမျိုးနှစ်ဦးကို နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူရှိ ဟိုတယ်နှစ်ခုမှ ဖမ်းဆီးရမိကြောင်း နီပေါရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဖမ်းခံရသူ ပါကစ္စတန်လူမျိုးနှစ်ဦးမှာ လာဟိုးမြို့မှ တစ်ဦးနှင့် ကရာချိမြို့မှတစ်ဦးတို့ ဖြစ်ကြသည်။ ၎င်းတို့သည် ၂၀၀၁ ခုနှစ် ဧပြီလက ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်ထားရှိမှုဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးရန် ကြိုးပမ်းခဲ့သော်လည်း နီပေါနိုင်ငံမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော ဗာစတီနေ့ အခမ်းအနားတွင် တင့်ကားများ ပါဝင်ချီတက်နေသည်ကို ဇူလိုင် ၁၄ ရက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အိန္ဒိယ ယာဉ်မောင်းငါးဦး အီရတ်ရဲတပ်ဖွဲ့က ဖမ်းဆီးထား

နယူးဒေလီ ဇူလိုင် ၁၈

**အီရတ်နိုင်ငံတွင် အိန္ဒိယကုန်တင်ယာဉ်မောင်းငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်းနှင့် ၎င်းတို့ ပြန်လည်လွတ်မြောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။**

ဖမ်းဆီးခံရသူ ငါးဦးအနက် သုံးဦးသည် ကာရာလာပြည်နယ်မှဖြစ်ပြီး နှစ်ဦးမှာ ပန်ဂျပ်ပြည်နယ်ဒေသမှဖြစ်သည်။ ၎င်းတို့သည် ကူဝိတ်အခြေစိုက် ကေဂျီအယ်လ်ကုမ္ပဏီတစ်ခုမှ အလုပ်သမားများဖြစ်ကြကြောင်း၊ ကူဝိတ်မှ အီရတ်နယ်စပ်သို့ ကုန်စည်ပို့ဆောင်စဉ် ထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး အီးအာဟာ မက်ဒ်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

၎င်းပို့သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် အဖမ်းခံရသည်ကို မသိရသေးပေ။

ကူဝိတ်နိုင်ငံတွင် အိန္ဒိယနိုင်ငံသားပျောက်ဆုံးနေကြောင်း ကေဂျီအယ်လ်ကုမ္ပဏီက အကြောင်းကြားကြောင်း၊ ၎င်းတို့ ပြန်လည်လွတ်မြောက်ရန် ကုမ္ပဏီမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အီရတ်နိုင်ငံ၌ ၂၀၀၄ ခုနှစ်တွင် ကုန်တင်ယာဉ်မောင်းသုံးဦးကို ပြန်ပေးဆွဲခံရမှု ဖြစ်ပွားပြီးနောက် အီရတ်သို့ အိန္ဒိယနိုင်ငံသားများ သွားလာမှုမပြုလုပ်ရန် အစိုးရက ပိတ်ပင်ထားသည်။ ယခုအချိန်အထိ ခွင့်ပြုမှုမရရှိဘဲ အီရတ်သို့ အိန္ဒိယနိုင်ငံသားများ မသွားရန် အစိုးရ၏ အကြံပေးချက် တည်မြဲနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

*အမ်အင်အေ၊ပီတီအိုင်။*

## ဘင်္ဂလားဒေ့ရှ်၌ လေးမြွှာပူးမွေးဖွား

**ဒါကာ ဇူလိုင် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာဘန်ဂါဘန်ဒူရှိတ်မူဂျစ်ဆေးတက္ကသိုလ် ဆေးရုံ၌ စနေနေ့တွင် ကလေးလေးယောက်၏ မိခင်ဖြစ်သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသူ အမျိုးသမီးတစ်ဦးက လေးမြွှာပူးမွေးဖွားကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ လေးမြွှာပူးမှာ မိန်းကလေးနှစ်ယောက်နှင့် ယောကျာ်းကလေးနှစ်ယောက်ဖြစ်ပြီး ကျန်းမာကြောင်း ဆရာဝန်များက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*



၂၀၀၆ ခုနှစ်အတွက် ဒဲလ်ကွန်ပျူတာများကို နယူးယောက်မြို့ ပစ္စည်းသစ်မိတ်ဆက်ပွဲတွင် ခင်းကျင်းပြသထားသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## မနီလာမြို့တောင်ဘက်၌ မီးလောင်မှုဖြစ်ပွား

**မနီလာ ဇူလိုင် ၁၈**

မနီလာမြို့တောင်ဘက်ကွီဇုန်ဆင်ခြေဖုံးဒေသတစ်ခုရှိ အိမ်တစ်လုံးတွင် ဇူလိုင် ၁၆ ရက် စနေနေ့က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ကလေးငါးဦး သေဆုံးသွားကြောင်း သိရသည်။ ကလေးများမှာအိပ်ခန်းအတွင်းပိတ်မိပြီး မီးလောင်ကျွမ်းသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အဆိုပါ မီးလောင်သေဆုံးသွားသည့် ကလေးများအနက် အငယ်ဆုံးကလေးမှာ အသက်ငါးနှစ်ရှိယောကျာ်းကလေးဖြစ်သည်။ ကျန်ကလေးများမှာ အသက်ကိုးနှစ်၊ ၁၀နှစ်၊ ၁၄ နှစ်နှင့် ၁၅နှစ်အရွယ်ရှိ မိန်းကလေးငယ်များဖြစ်ပြီး မည်သူမည်ဝါမှန်းမသိရလောက်အောင် မီးလောင်ဒဏ်ရာများအသီးသီးရရှိကာ အသက်ဆုံးသွားကြခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းမှာ ဝါယာကြိုးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်နိုင်ပြီး လောင်ကျွမ်းချိန်တစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း ရဲအရာရှိဆာမီရန်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားသော်လည်း ကလေးများ၏ အဘိုးအဘွားတို့မှာ မီးလောင်မှုအန္တရာယ်မှလွတ်ကင်းခဲ့ကြောင်း ဆာမီကပြောကြားခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

## ဘာကူဘာ ဆေးရုံကို သေနတ်သမားများ စီးနင်း

**ဘာကူဘာ(အီရတ်) ဇူလိုင် ၁၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ ဘာကူဘာမြို့ ဆေးရုံတစ်ရုံကို တနင်္ဂနွေနေ့က အမည်မသိ သေနတ်သမားများက ဝင်ရောက်စီးနင်းကာ အကျဉ်းသားများအား ခေါ်ထုတ်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားတစ်စုသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် ဆေးရုံလူနာ ဆောင်သော့ကို ချိုးဖျက်ကာ တတိယထပ်ရှိ အကျဉ်းသားများ ကုသမှုခံယူရာ အခန်းကို ဝင်ရောက်စီးနင်းခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

**အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ပိုက်မီမော်ရီရယ်ဆေးရုံတွင် မွေးဖွားသော လေးမြွှာပူး ကလေးငယ်များကို ဆရာဝန်နှင့်အတူ ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ဘရာဇီး ဘောက်စ်ဝက်ဂွန်ကားစက်ရုံမှ အလုပ်သမား လျှော့ချမည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၈**

ယနေ့မှလာမည့် ၂၀၀၈ ခုနှစ်အထိကာလအတွင်း ဘရာဇီးနိုင်ငံရှိ ဘောက်စ်ဝက်ဂွန်မော်တော်ကား ထုတ်လုပ်ရေးစက်ရုံခွဲမှ အလုပ်သမားပေါင်း ၄၀၀၀ မှ ၆၀၀၀ ခန့်ကို လျှော့ချသွားမည်ဖြစ်ကြောင်း ဂျာမန်မော်တော်ကား လုပ်ငန်းရှင်များက ဇူလိုင် ၁၂ ရက်တွင် ကြေညာခဲ့သည်။

### ကုန်ကျစရိတ်လျှော့ချ

လုပ်အားကုန်ကျစရိတ် လျှော့ချရန်နှင့် ဘောက်စ်ဝက်ဂွန်ကားကုမ္ပဏီ၏ အမြတ်ရရှိနိုင်မှုစွမ်းအား မြှင့်တင်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အထက်ပါ အလုပ်သမားလျှော့ချရေး အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

### အလုပ်သမား ၂၁၀၀၀ ရှိ

ဘရာဇီးနိုင်ငံတွင် ဘောက်စ်ဝက်ဂွန်ကားစက်ရုံခွဲစုစုပေါင်း ငါးရုံရှိသည်။ ထိုစက်ရုံများတွင် အလုပ်သမားပေါင်း ၂၁၀၀၀ ခန့် အလုပ်လုပ်လျက် ရှိသည်။ ယင်းစက်ရုံလုပ်သားလျှော့ချရေး အစီအစဉ်ကို စောပေါလိုမြို့ရှိ တာဥဘိတ်စက်ရုံမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

### မျှော်လင့်

အခြေအနေများသာ ယခုအတိုင်း မပြောင်းမလဲဘဲ ဆက်လက်ဖြစ်ပေါ်နေပါက ဘောက်စ်ဝက်ဂွန် ကားကုမ္ပဏီအနေဖြင့် အလုပ်သမားလျှော့ချရေး ကိစ္စကို မလွှဲမရှောင်သာ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ကုမ္ပဏီက ထိုအခြေအနေကို ဒေသဆိုင်ရာ ဥပဒေပြု အာဏာပိုင်များကို ဗုဒ္ဓဟူးနေ့တွင် ရှင်းလင်းတင်ပြနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဘောက်စ်ဝက်ဂွန်ကားကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ဖလာဗီရိုချန်တရီက မီဒီယာများသို့ ပြောကြားခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

▲ **ရှေ့ဖုံးမှ**

တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်တွင်းဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) ရွက်ဆစ်အဖွဲ့မှ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသည့် အဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးသော တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပဏာမရှင်းလင်း**

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပဏာမရှင်းလင်းပြောကြားသည်။

**(ရဲချုပ်၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံကို စာမျက်နှာ–၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ဝန်ကြီးများ၊ သံတမန်များနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် တိုင်းရင်းသားခေါင်းဆောင် ဦးမိန်းစင်တို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြသည်။

ယနေ့အခမ်းအနားတွင် ဖျက်ဆီးလိုက်သည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒဆေးများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများမှာ ဘိန်းစိမ်း ၂၂၉ဒသမ ၂၈၉၆၄ကီလို၊ ဘိန်းဖြူ သုညဒသမ ၀၄၅၈ကီလို၊ ဘိန်းညိုမှုန့် ၃၄၅ ဒသမ ၃၉၈ကီလို၊ ဘိန်းဆီခဲ ၂ဒသမ ၀၂၇၆၄ကီလို၊ အဆင့်နိမ့်ဘိန်း ၁ ဒသမ ၁၇၁၂ကီလို၊ ဆေးခြောက် သုညဒသမ ၁၈၇၆၄ကီလို၊ ဘိန်းရည်ရောချောင်းဆိုးပျောက်ဆေးရည် သုညဒသမ ၀၀၇လီတာ၊ ဘိန်းရည် ၆၇၀ ဒသမ ၄၅လီတာ၊ အီသိုင်းအီသာ ၃၈၀လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၂၃၂ ဒသမ ၅လီတာ၊ အမိုနီယမ်ကလိုရိုဒ် ၆၇၀ ဒသမ ၅ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၂၀၀ကီလို၊ လွှိုင်ဇောအရည် ၇၅၈လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၈၆ပြား၊ ဘိန်းမျိုးစေ့ ၂၈၅၂၆ ဒသမ ၈၇၇ကီလို၊ ဘိန်းစေ့ခြောက် ၉၉၂ ဒသမ ၈၆၄ကီလို တို့ဖြစ်ပြီး ကာလပေါက်ဈေးသည် မြန်မာငွေကျပ် ၂၈၃၇၇ ဒသမ ၅၅သန်းဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉၉သန်းတန်ဖိုးရှိကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားအပြီး နံနက် ၁၁နာရီခွဲတွင် လဲချားမြို့ရှိ သီရိဟံသာခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆)ကို ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မတီဝင်များ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ဓာတုပစ္စည်းများ**

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ဓာတုပစ္စည်းများကို ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမည့် အခမ်းအနားတွင် တွေ့ရစဉ်။** (ယာပုံနှင့် အောက်ပုံများ) (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းနိုင်ကြပါကြောင်း ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက ၎င်းတို့ သိရှိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းကြသည်–

**ဦးစဝ်ကိုင်ဖ(Mainichi သတင်းဌာန)**

ကျွန်တော်ကတော့ Mainichi သတင်းထောက် စဝ်ကိုင်ဖ ဖြစ်ပါတယ်။ ကျွန်တော် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့မှ မေးခွန်းနှစ်ခုလောက် မေးချင်ပါတယ်။ တစ်ခုကတော့ ဦးမိန်းစင်ကို မေးချင်ပါတယ်။ အဲဒါကတော့ SSA ရွက်ဆစ်အဖွဲ့ရဲ့ ဘိန်းထုတ်လုပ်မှောင်ခိုမှု ပမာဏအကြောင်းကို ပြောနိုင်ရင် ပြောပေးပါ။ ဒုတိယမေးခွန်းကတော့ ခုနကပဲ ရဲချုပ်ကြီးပြောသွားပါတယ်။ အခု မီးရှို့ဖျက်ဆီးတဲ့ဘိန်းတွေဟာ တောင်ပိုင်းရှမ်းပြည်နယ်မှာမိတဲ့ ဘိန်းတွေလို့ ပြောပါတယ်။ ကျွန်တော်တို့ အရင်က ဘိန်းကိစ္စနဲ့ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်မြောက်ပိုင်းမှာသာ ရှိခဲ့ပြီးတော့ အခုမှ ဒီဘက်ကို ဘယ်လိုလုပ်ရောက်တာလဲ။ Trend က ဘယ်လိုလုပ်ပြောင်းလာတာလဲဆိုတာ ပြောနိုင်ရင် ပြောပြပေးပါ။ ကျေးဇူးတင်ပါတယ်။

**ဦးမိန်းစင်**

ရွက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ ပမာဏဘယ်အတိုင်းအတာအထိ ထုတ်လုပ်သလဲလို့မေးရာမှာ ကျွန်တော်တို့ သိရသလောက်တော့ ရွက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●

# ၁၉၉၆ခုနှစ် ဇူလိုင်လမှာ ရှက်ဆစ်ကိုယ်တိုင် တရုတ်လောပန်းတွေကိုခေါ်လာ မိုင်းကိုင်ကတ်ဖွီးရွာ အနောက်ဘက်တောင်ခြေမှာ မူးယစ်ဆေးဝါးလာရောက်လုပ်ကိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ် ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၅ မှ

နေရာမှာ ၂၇-၂-၉၆ ရက်နေ့ကစပြီး MTA လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ပြီးတဲ့နောက် ၂၈-၃-၉၆ ရက်နေ့မှာ ကျွန်တော်တို့ အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ အခုအချိန်ကစပြီး မူးယစ်ဆေးဝါးနဲ့ လုံးဝကင်းရှင်းရမယ် ဆိုပြီး မူဝါဒနှစ်ရပ်ချမှတ်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီ မူနှစ်ရပ်ကတော့ (၁) မူးယစ်ဆေးဝါးနဲ့ နိုင်ငံရေး ပတ်သက်မှုမရှိစေရ၊ ပတ်သက်ပါက သေဒဏ်ပေးရန်၊ (၂)မူးယစ်ဆေးဝါးကြောင့် စစ်စည်းကမ်းမထိခိုက်စေရ၊ စည်းကမ်းဖောက်ဖျက်ပါက သေဒဏ်ပေးရန်တို့ ဖြစ်ပါတယ်။ အထက်ပါမူတွေကို ရှက်ဆစ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး တားမြစ်ပေမယ့် ရှက်ဆစ်ကိုယ်တိုင် ချိုးဖောက်ခဲ့ပါတယ်။

၁၉၉၆ ခုနှစ် ဇူလိုင်လမှာတော့ ရှက်ဆစ်ကိုယ်တိုင် တရုတ်လောပန်းတွေကို သွားခေါ်လာပြီး မိုင်းကိုင် ကတ်ဖွီးရွာ အနောက်ဘက်တောင်ခြေမှာ မူးယစ်ဆေးဝါးလာရောက်လုပ်ကိုင်ပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ တရုတ်လောပန်းတွေကိုခေါ်ပြီး နမ့်ပန်တစ်ကြော နောင်တောရွာမှာ ထပ်မံလုပ်ကိုင်ပါတယ်။ ဒါတင်မက တပ်မဟာနယ်မြေအတွင်းမှာ မူးယစ်ဆေးဝါး လုပ်ကိုင်တာတွေကိုလည်း အခွန်အခကောက်ခံဖို့ ရှက်ဆစ်ကပဲ ညွှန်ကြားပါတယ်။ အခွန်အခအနေနဲ့ကတော့ တချို့လုပ်ကွက်တွေမှာတော့ ဘိန်းပိဿာပေါင်း နှစ်ရာကနေ သုံးရာအထိရပါတယ်။ ကောက်ခံရရှိတဲ့ ဘိန်းတွေကို သူ့ထံပို့ပေးဖို့ ညွှန်ကြားတဲ့အတွက် ပို့ပေးရတာတွေလဲရှိပါတယ်။ နောက်တစ်မျိုးကတော့ အခမ့္ဗဝယ်ယူထားတာပါ။ ဘယ်လိုဝယ်ယူသလဲဆိုရင် တပ်မဟာနယ်မြေအတွင်းမှာ ထွက်ရှိသမျှ ဘိန်းတွေကို သူ့ဆီမှာပဲ အကုန်ရောင်းချပေးရမယ်၊ အခြားသူထံမှာ မရောင်းရဘူးလို့ ညွှန်ကြားပါတယ်။ ကျွန်တော်သိရသလောက်တော့ ၂၀၀၆ခုနှစ်မှာ မိုင်းကိုင်၊ ဆမ်ဟ၊ မိုင်းလန်း၊ မိုင်းယွန်း၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကျိုင်းလုံး၊ မိုးနဲ၊ မိုင်းပန်မှ ကောက်ခံရရှိတဲ့ ဘိန်းအလေးချိန်ပေါင်း အနည်းဆုံး ပိဿာ ၅၀၀၀၊ ၆၀၀၀ လောက်တော့ရှိလိမ့်မယ်။ ဒါတင်မက စိတ်ကြွဆေးပြားနဲ့ ဘိန်းဖြူထုတ်လုပ်ပြီး မိုင်းရှူးဘက်ကနေပြီး နယ်စပ်အထိ သယ်ယူပို့နေတာတွေလည်း အသေးစိတ်မသိနိုင်တာတွေလည်း အများကြီးပါပဲ။ သိရတာကတော့ ၂၀၀၁ ခုနှစ်မှာ ဦးစောပေတယ်က ကျောပိုးအိတ် အလုံးပေါင်း ၈၀ ကို မိုင်းရှူးကနေ နယ်စပ်အထိ သယ်ဆောင်သွားတာ သိရပါတယ်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ စောစောကမေးတာကတော့ ရှမ်း(မြောက်)ဘက်က နေပြီးတော့ လမ်းကြောင်းတွေ ရှမ်း(တောင်)ဘက်ကို ပြောင်းလာတာမေးတယ်လို့ထင်ပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံတော်မှာ ၁၉၉၉ကနေ ၂၀၁၄ခုနှစ်အထိ ၁၅နှစ်စီမံကိန်းချမှတ်ထားတာရှိပါတယ်။ အဲဒီစီမံကိန်းအရ စီမံကိန်းကို စတင်ပြီးတော့ ချမှတ်ဆောင်ရွက်စဉ်ကတည်းက ရှမ်း(၃)ရှမ်း၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)ဒေသကို ကျွန်တော်တို့က High Risk ဒေသတွေဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ အန္တရာယ်အရှိဆုံးဒေသသုံးခု ဆိုပြီးတော့ နိုင်ငံတော်က သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီဒေသထဲမှာ ကျွန်တော်တို့ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်း၊ နှိမ်နင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဦးဆုံး ရှမ်း(မြောက်)ဒေသမှာတော့ ယခင်ကျွန်တော်တို့ ၂၀၀၃ခုနှစ်မှာ သူတို့ Drug Free ဖြစ်ရမယ်ဆိုတဲ့ ကြေညာချက်နဲ့ သူတို့ကိုယ်တိုင်၊ သူတို့အဖွဲ့အစည်းကိုယ်တိုင်ကလည်း အဲဒီမူးယစ်ဆေးဝါးကိုပပျောက်ဖို့ လုပ်နေတဲ့အချိန်ဖြစ်တော့ ကျွန်တော်တို့က အဲဒီအချိန်ကာလတုန်းက မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ဘိန်းချက်စခန်းတွေ များများစားစား ဖမ်းမိခဲ့ပါတယ်။

အလားတူပဲ "ဝ"အဖွဲ့အစည်းတွေကလည်း ၂၀၀၅ခုနှစ်မှာ သူတို့ Drug Free ဖြစ်ရမယ်ဆိုပြီးတော့ တရားဝင်ကြေညာပြီးတော့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတွေကို ကျွန်တော်တို့ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ပေါင်းပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်နေခြင်းဖြစ်တဲ့ အတွက်ကြောင့် အဲဒီကလည်း ကျွန်တော်တို့အတွက် အထောက်အကူရပါတယ်။

နောက်တစ်ချက်ကလည်း အဲဒီဒေသမှာ လက်နက်ကိုင် သောင်းကျန်းသူမရှိတဲ့အတွက်ကြောင့် တပ်မတော်၊ အာဏာပိုင်၊ လုံခြုံရေးအဖွဲ့အစည်းတွေကရော နေရာအနှံ့ကို ဝင်ထွက်သွားလာနိုင်တဲ့ အခြေအနေရှိပါတယ်။ အဲဒီဟာကြောင့်လည်း ကျွန်တော်တို့ အဲဒီတုန်းကဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပါတယ်။

နောက်ဒီနှစ်ချက်ပေါ်မူတည်ပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ UNODC နဲ့ ကျွန်တော်တို့ဆီက မူးယစ်တပ်ဖွဲ့တွေ ပေါင်းပြီးတော့ ICMP ပေါ့။ Illicit Crop Monitoring Program ဆိုပြီးတော့ ကွင်းဆင်းစစ်ဆေးတိုင်းတာချက်တွေနဲ့ စဉ်ဆက်မပြတ်လုပ်ခဲ့ပါတယ်။ အဲဒီအချက်သုံးချက်ကြောင့် အဲဒီတုန်းကတော့ အဲဒီဒေသတွေမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဘိန်းချက်စခန်းတွေ အများအပြား ကျွန်တော်တို့ ဖော်ထုတ်ရနိုင်ခဲ့တာဖြစ်ပါတယ်။

အခုဒီဘက် ရှမ်း(တောင်)ဘက်မှာတော့ သတင်းစာဆရာကြီးများ၊ ဧည့်သည်တော်ကြီးများ သိတဲ့အတိုင်း နေရာအတော်များများသည် သောင်းကျန်းသူများရှိတဲ့နေရာတွေဖြစ်တယ်။ နေရာတိုင်းကို လွယ်လွယ်ကူကူ ဝင်ထွက်သွားလာဖို့အတွက် အကန့်အသတ်ဖြစ်တဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီအခြေအနေကြောင့်လည်း ကျွန်တော်တို့ ယခင်တုန်းက ဒီနေရာတွေမှာ ဖော်ထုတ်ခဲ့လို့မရခဲ့ပါဘူး။

ဒါ့အပြင်ဒီဒေသမှာရှိတဲ့သောင်းကျန်းသူတွေဟာ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေကို အကြောက်တရားနဲ့ထိန်းချုပ်ထားပြီးတော့ သတင်းမပေးရဆိုတဲ့ဟာတွေကြောင့် အဲဒီတုန်းက ကျွန်တော်တို့ဖော်ထုတ်လို့မရခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာ အထူးသဖြင့် ၂၀၀၄ခုနှစ်ရဲ့ နှောင်းပိုင်း ၂၀၀၅-၂၀၀၆ဒီကာလအတွင်းမှာ ကျွန်တော်တို့တာချီလိတ်မှာ အများအပြား ဖမ်းမိတဲ့ဖြစ်စဉ်တွေ၊ နောက်ရှမ်း(အရှေ့)မှာ ၄၉၆ Case ဖမ်းမိတဲ့ ဖြစ်စဉ်တွေဖြစ်လာတဲ့အခါကျတော့ ပြည်သူတွေအနေနဲ့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေကလည်း ပူးပေါင်းဆောင်ရွက်မှုတွေ များလာပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

**၁၉၉၆ ခုနှစ် ဇူလိုင်လမှာတော့ ရှက်ဆစ်ကိုယ်တိုင် တရုတ်လောပန်းတွေကို သွားခေါ်လာပြီး မိုင်းကိုင် ကတ်ဖွီးရွာ အနောက်ဘက်တောင်ခြေမှာ မူးယစ်ဆေးဝါး လာရောက်လုပ်ကိုင်၊ ၁၉၉၇ခုနှစ်မှာတော့ တရုတ်လောပန်းတွေကိုခေါ်ပြီး နမ့်ပန်တစ်ကြော နောင်တောရွာမှာ ထပ်မံလုပ်ကိုင်၊ ဒါတင်မက တပ်မဟာနယ်မြေအတွင်းမှာ မူးယစ်ဆေးဝါး လုပ်ကိုင်တာတွေကိုလည်း အခွန်အခကောက်ခံဖို့ ရှက်ဆစ်ကပဲညွှန်ကြား၊ အခွန်အခအနေနဲ့ကတော့ တချို့လုပ်ကွက်တွေမှာတော့ ဘိန်းပိဿာပေါင်း နှစ်ရာကနေ သုံးရာအထိရ၊**

**ကောက်ခံရရှိတဲ့ ဘိန်းတွေကို သူ့ထံပို့ပေး ဖို့ ညွှန်ကြားတဲ့အတွက် ပို့ပေးရတာတွေလဲရှိ၊ နောက်တစ်မျိုးကတော့ အခမ့္ဗဝယ်ယူထား၊ ဘယ်လိုဝယ်ယူသလဲဆိုရင် တပ်မဟာနယ်မြေအတွင်း မှာ ထွက်ရှိသမျှ ဘိန်းတွေကို သူ့ဆီမှာပဲ အကုန်ရောင်းချပေးရ၊ အခြားသူထံမှာ မရောင်းရဘူးလို့ ညွှန်ကြား၊ သိရသလောက်တော့ ၂၀၀၆ ခုနှစ်မှာ မိုင်းကိုင်၊ ဆမ်ဟ၊ မိုင်းလန်း၊ မိုင်းယွန်း၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကျိုင်းလုံး၊ မိုးနဲ၊ မိုင်းပန်မှ ကောက်ခံရရှိတဲ့ ဘိန်းအလေးချိန်ပေါင်း အနည်းဆုံး ပိဿာ ၅၀၀၀၊ ၆၀၀၀ လောက်တော့ရှိ၊**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် သံတမန်များ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံနှင့်အောက်ပုံများ) (သတင်းစဉ်)



# ၂၀၁၄ခုနှစ်မှာ Drug Free ဖြစ်ရမယ်ဆိုတဲ့ နိုင်ငံတော် အကြီးအကဲရဲ့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်နဲ့အညီ ဒီဒေသတွေရဲ့ ပြည်သူတွေရဲ့အကူအညီနဲ့ ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်သွားမည်

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဥ္စမ အကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် အခြားတက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

❀ စာမျက်နှာ ၆ မှ

အခုဝမ်ယိမ်းဒေသဖြစ်စဉ်ဆိုရင် ပြည်သူတွေက သတင်းပေးလို့ဖြစ်တဲ့ ကိစ္စပါ၊ အခုလို ပြည်သူတွေ သတင်းပေးလာတဲ့အခါမှာ စောစောထဲက High Risk ဒေသလို့ သတ်မှတ်ထားတဲ့ဒေသ ဖြစ်တဲ့အတွက်ကြောင့် ဒီဒေသမှာ ဖမ်းဆီးရမှုတွေဟာ အခုလိုပဲ များလာရတာဖြစ်ပါတယ်။ Trend ပြောင်းတယ်လို့ ပြောလို့မရပါဘူး။

အစကတည်းက ကျွန်တော်တို့က ဒီသုံးနေရာကို High Risk လို့သတ်မှတ်ထားခြင်းဖြစ်ပြီးတော့ ပြည်သူတွေရဲ့ သတင်းပေးမှု၊ ကျွန်တော်တို့ရဲ့ ဝင်ထွက်သွားလာနိုင်မှု၊ ဒီဒေသမှာရှိတဲ့ အဖွဲ့အစည်းများရဲ့ ဝိုင်းဝန်းကူညီမှုအပေါ်မှာ အခုလိုဖြစ်လာတာပါလို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၄ခုနှစ်မှာ Drug Free ဖြစ်ရမယ်ဆိုတဲ့ နိုင်ငံတော် အကြီးအကဲရဲ့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်နဲ့အညီ ကျွန်တော်တို့ကတော့ ဒီဒေသတွေရဲ့ ပြည်သူတွေရဲ့အကူအညီနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်သွားမယ်လို့ ဖြေကြားလိုပါတယ်။

**ဦးသက်ခိုင် (မြန်မာတိုင်းမ်ဂျာနယ်)**

ခုနက ရဲချုပ်ကြီး ရှင်းပြတဲ့နေရာမှာ မေလ ၁၃ရက်နေ့က ဖမ်းဆီးမှုမှာ ဘိန်းညိုချက်လုပ်ရန်အတွက် ငွေကြေးစိုက်ထုတ်ပေးသူက ပြည်ပနိုင်ငံမှဖြစ်တယ်ဆိုတော့ အဲဒါဘယ်နိုင်ငံကလဲဆိုတာပြောလို့ရမလား၊ နောက်ပြီးတော့ အဲဒါအဖွဲ့အစည်းလား၊ လူတစ်ဦးလားဆိုတာ နည်းနည်းရှင်းပြလို့ရမလား၊ နောက် အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုများဆက်လက်ပြီးတော့ Investigate လုပ်နေသလဲ ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ဒီ Case ကတော့ Oncoing Case ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စစ်ဆေးနေဆဲ Case ဖြစ်တဲ့အတွက်ကြောင့် ဒီမှာ ကျွန်တော်အပြည့်အစုံ မတင်ပြနိုင်တာကို နားလည်ပေးဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး Drug Related Money Laundry ဆိုတဲ့ Law ကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ခုနောက်ပိုင်းမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ငွေကြေးကိစ္စကို စိစစ်စုံစမ်းထောက်လှမ်းတဲ့အဖွဲ့အစည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဖွဲ့စည်းထားပြီး ဖြစ်တဲ့အတွက်ကြောင့် ဒီလို Case တွေကို အဲဒီအဖွဲ့ကပဲ ကိုင်တွယ်ပြီးဆောင်ရွက်နေတယ်လို့ တင်ပြလို ပါတယ်။

**ဦးအောင်သူမြိုင်(ဂျီဂျီသတင်းဌာန)**

ကျွန်တော် ရဲချုပ်ကြီးကို မေးချင်ပါတယ်ခင်ဗျာ။ ရှမ်း(တောင်)မှာ ဘိန်းထွက်ရှိတဲ့ မြို့နယ်စုစုပေါင်း ဘယ်နှခုလဲ၊ ဥပမာအားဖြင့် ဘယ်မြို့နယ်တွေပါလဲ၊ ပြီးတော့ ခန့်မှန်းဘိန်းထွက်မှုပမာဏ အဲဒါလေးသိချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ဘိန်းတိုက်ဖျက်ရေးမှာ ပူးပေါင်းတဲ့ အဖွဲ့အစည်းပေါ့လေ၊ ဥပမာ UNODC ကဲ့သို့ အဖွဲ့အစည်းများ အခြားနိုင်ငံကြီးတွေကရော ရှိပါသေးသလား။ ရှိရင် ဘယ်နိုင်ငံတွေက ကျွန်တော်တို့နဲ့ ဘိန်းတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်နေပါသလဲ အဲဒါလေးဖြေကြားပေးစေလိုပါတယ်။

ဒုတိယအနေနဲ့ ဦးမိန်းစင်ကိုမေးချင်ပါတယ်။ ဦးမိန်းစင်တို့က ရှမ်း(တောင်)မှာ အခြေစိုက်နေတာဖြစ်တဲ့အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**

☆ စာမျက်နှာ ၃ မှ

- ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၂ ဒသမ ၅ လီတာ
- တရုတ်နိုင်ငံလုပ် မီးစက်အသေး ၁ လုံး
- ကားဂျိုင့်ကြီး ၄ လုံး
- လိုင်စင်မဲ့ ဖိုးဗီး တစ်ခန်းခွဲ ကားတစ်စီးတို့ကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ဒီနေ့မီးရှို့မယ့် မူးယစ်ဆေးဝါးတွေထဲမှာ အထက်ကတင်ပြခဲ့တဲ့ ဖြစ်စဉ်တွေမတိုင်ခင်ကလည်း ဒေသခံပြည်သူတွေရဲ့ သတင်းပေးကူညီမှုကြောင့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကလည်း ဆီဆိုင်မြို့နယ်၊ ပန်အွန်ရွာအနီးမှာရှိတဲ့ ခိုးဝှက်ပြီး ဘိန်းချက်နေတဲ့နေရာတစ်ခုကို ဝင်ရောက်စီးနင်းတဲ့အခါ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းများစွာကို ဖမ်းဆီးရမိခဲ့လို့ ဒီနေ့အခမ်းအနားမှာ တစ်ခါတည်း မီးရှို့ဖျက်ဆီးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်ခုတည်းနဲ့ ပြီးပြည့်စုံနိုင်မှာမဟုတ်လို့ ဘိန်းစိုက်ပျိုးမှုအပေါ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မှီခိုနေခြင်းအစား အခြားအသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများ ပြောင်းလဲအသုံးပြုလာရေး၊ လူနေမှုဘဝ မြင့်မားလာရေးအတွက် အသိပညာပေးလုပ်ငန်းများနှင့် အားပေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒါအပြင် ဘိန်းအစားထိုး ရေရှည်ဝင်ငွေရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ အစားထိုးသီးနှံဈေးကွက် အခက်အခဲမဖြစ်စေဖို့အတွက်လည်း ဈေးကွက်ရရှိရေးကို အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၀၆ ခုနှစ် မေလအတွင်းမှာလည်း မူးယစ်ဗဟို (CCDAC) နဲ့ တရုတ်နိုင်ငံ NNCC တို့ ပူးပေါင်းပြီး ဘိန်းခင်းတိုင်းတာမှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ 'ဝ' နဲ့ ကိုးကန့်ဒေသမှာ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေးဦးတည်ချက်နဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံတစ်နိုင်ငံတည်းရဲ့ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးရဲ့ ပြဿနာဖြစ်လို့ ဝိုင်းဝန်းအဖြေရှာပြီး မူးယစ်ဆေးဝါးပြဿနာကို ချုပ်ငြိမ်းစေရမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားနေမှာသာဖြစ်ပြီး အနာဂတ်ကာလမှာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းလက်တွဲလျက် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်သွားရာမှာ ယခုထက်ပိုမိုသော အောင်မြင်မှုများကို နိုင်ငံတကာသို့ ပြသသွားနိုင်မှာဖြစ်တယ်လို့ သန္နိဋ္ဌာန်စိတ်နဲ့ ယုံကြည်စွာဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

> ☆ **ဘိန်းအစားထိုး ရေရှည်ဝင်ငွေရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ အစားထိုးသီးနှံဈေးကွက် အခက်အခဲမဖြစ်စေဖို့အတွက်လည်း ဈေးကွက်ရရှိရေးကို အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ။**
>
> ☆ **၂၀၀၆ ခုနှစ် မေလအတွင်းမှာလည်း မူးယစ်ဗဟို (CCDAC)နဲ့ တရုတ်နိုင်ငံ NNCC တို့ ပူးပေါင်းပြီး ဘိန်းခင်းတိုင်းတာမှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ 'ဝ' နဲ့ ကိုးကန့်ဒေသမှာ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့။**

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) ရွက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်မေးမြန်းချက်များကို ဖြေကြားစဉ်။** (သတင်းစဉ်)



**မြန်မာတိုင်းမ်ဂျာနယ်မှ ဦးသက်ခိုင် မေးမြန်းစဉ်။** (သတင်းစဉ်)

**Mainichi သတင်းဌာနမှ ဦးစဝ်ကိုင်ဖ မေးမြန်းစဉ်။** (သတင်းစဉ်)

**ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။** (သတင်းစဉ်)

**ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။** (သတင်းစဉ်)

# Counter Narcotic Crimes အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှု တောက်လျှောက်ကျဆင်းနေ

❒ စာမျက်နှာ ၇ မှ

အနာဂတ်မှာ မူးယစ်တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီးတော့ ပူးပေါင်းပါဝင်ဖို့ အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးပါ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဟာ UNODC လိုပဲ အခြားသောအဖွဲ့အစည်းများလည်း ရှိပါတယ်။ ဥပမာ အမေရိကန်နိုင်ငံမှာရှိတဲ့ CNC(Counter Narcotic Crimes) ဆိုတဲ့အဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့ဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ ဘိန်းခင်း၊ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေကို Satellite ကနေပြီးတော့ တိုင်းတာပြီးတော့ သူတို့မှာရရှိတဲ့ အချက်အလက်တွေကို ကမ္ဘာကို ထုတ်ပြန်ဖို့အတွက် INCB ပေါ့၊ International Narcotic Control Book ဆိုတဲ့ အဲဒီစာစောင်ကြီးထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံဟာဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေ အခြေအနေဘယ်လိုရှိတယ်ဆိုတာကို နှစ်စဉ် ထုတ်ပြန်ပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

တစ်ဆက်တည်းပြောရရင်တော့ အဲဒီအဖွဲ့အစည်းရဲ့ ထုတ်ပြန်ကြေညာချက်ကိုက ကျွန်တော်တို့ဟာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ တောက်လျှောက်ကျဆင်းနေတယ်ဆိုတာကို ကမ္ဘာက အသိဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနဲ့ ဆက်စပ်နေတာဖြစ်တဲ့အတွက်ကြောင့် ငါးနိုင်ငံလုံးမှာရှိတဲ့ မူးယစ်အဖွဲ့အစည်းများဟာ ကျွန်တော်တို့နဲ့ Bilateral စာချုပ် ချုပ်ထားပြီးသားဖြစ်ပါတယ်။ ဥပမာ–တရုတ်နိုင်ငံမှာဆိုရင် NNCC ပေါ့။ National Narcotic Control Commission အဲဒီအဖွဲ့နဲ့ ကျွန်တော်တို့နဲ့ Bilateral စာချုပ်ချုပ်ပြီးတော့ နှစ်နိုင်ငံ တရားခံလဲလှယ်ရေးကိစ္စ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စကို ထိထိ ရောက်ရောက် ဆောင်ရွက်နေပါတယ်။ အလားတူပဲ ထိုင်းနိုင်ငံနဲ့ကြည့်မယ်ဆိုရင်လည်း ONCB (Office of Narcotic Control Board)၊ နောက်တစ်ခုကလည်း ရဲတပ်ဖွဲ့ကသီးခြားကိုင်တဲ့ PNSB(Police Narcotic Suppression Bureau) အဲဒီအဖွဲ့အစည်းများနဲ့လည်း ကျွန်တော်တို့

## မူးယစ်ဆေးဝါးများဖျက်ဆီး

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် သံတမန်များက မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒဆေးရည်များကို ဖျက်ဆီးပေးစဉ်။** (ဝဲပုံနှင့် အောက်ပုံများ) (သတင်းစဉ်)



## မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်ပြ[...] ပြည်သူကို အသိပညာပေးခြင်း၊ တားဆီးနှိမ်နင်းရေးနှင့် မူးယ[...]

တရားခံလဲလှယ်ရေး ကိစ္စများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို Bilateral ကို နယ်နိမိတ်ဆက်စပ်နေတဲ့ ငါးနိုင်ငံသာမကဘဲနဲ့ အလှမ်းဝေးတဲ့ ရုရှားလိုနိုင်ငံမျိုးနဲ့လည်း ကျွန်တော်တို့ Bilateral စာချုပ်များ ချုပ်ဆိုလျက်ရှိပါတယ်။ နောက်တစ်ခုကလည်း South Pacific နိုင်ငံအားလုံးနဲ့လည်း မူးယစ်အဖွဲ့များနဲ့ ကျွန်တော်တို့ ဆက်စပ်ပြီးတော့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးများကို ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမိန်းစင်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင် ဆောင်ရွက်မှာလားလို့ မေးတာနဲ့ ပတ်သက်ပြီးတော့ကာ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်မှာ နိုင်ငံတော်နဲ့ ညှိနှိုင်းသဘောတူညီခဲ့တဲ့ အချက်များအနက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းမှာ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်၊ အဖျက်သမားတွေကို တိုက်ဖျက်ချေမှုန်းရန်၊ ပြည်[...] တိုက်ဖျက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြ[...] ဆောင်ရွက်ရန်ဆိုတဲ့ အချက်များလည်း ပါဝင်ပါ[...] အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း[...] ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**ဦးကိုကို(ယူမီယူရီရှင်ဘွန်း)**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်[...] အလျောက် အောင်မြင်နေတယ်ဆိုတာကတော့[...] လက ရန်ကုန်မှာပြုလုပ်သွားတဲ့ပွဲတွေမှာလည်[...] တွေ့ရပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းမှာ[...] မူးယစ်ဆေးဝါးတွေနဲ့ ပါဝင်ပတ်သက်နေတယ[...] တာတွေလည်း ကြားမှာပါခင်ဗျ။ အဲဒီလိုမျိုး[...] ပြည်ပအသံလွှင့်ဌာနတွေရော၊ တချို့သော နိုင်ငံ[...] ပြောနေကြတာ ရှိပါတယ်။ အဲဒီတော့ နိုင်ငံ[...] တွေက မူးယစ်ဆေးဝါးမှာ ပါဝင်ပတ်သက်[...] ကိုင်တွယ်ဆောင်ရွက်နေပါသလဲ။ နိုင်ငံတော်[...] သဘောထားပါသလဲဆိုတာ သိချင်ပါတယ်ခ[...]

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

စောစောက ဦးကိုကို မေးတဲ့မေးခွန်းက[...] မူးယစ်ဆေးဝါးနဲ့ ပါဝင်ပတ်သက်မှုရှိနေတယ်[...] နိုင်ငံက စွပ်စွဲချက်တွေပေါ့လေ။ ဒီစွပ်စွဲချက်[...] ရမ်းသန်းပြီးတော့ စွပ်စွဲတဲ့ စွပ်စွဲချက်တွေ[...] ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သ[...]

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီး[...] အကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနာ[...] သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ [...] ဆရာများနှင့် အခြားတက်ရောက်လာကြသူ[...]** (ဓ[...]

**မိမိတို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်မှာ နိုင်ငံတော်နှင့် ညှိနှိုင်းသဘောတူညီခဲ့တဲ့ အချက်များအနက် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်ရန်၊ အဖျက်သမားတွေကို တိုက်ဖျက်ချေမှုန်းရန်၊ ပြည်ပရန်ကိုပူးပေါင်းကာကွယ်တိုက်ဖျက်သွားရန်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ အချက်များပါဝင်။**

## မီးရှို့ဖျက်ဆီး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomezနှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် တိုင်းရင်းသားခေါင်းဆောင် ဦးမိန်းစင်တို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။ (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ နော်၊ ဟာဆန်၊ ဝီရာယုဒထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

## ...နှိမ်နင်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်က ၁၅နှစ်စီမံကိန်းချမှတ်ထား ...၊ တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးကို ၂၀၁၄တွင် ပပျောက်ရန်ဆောင်ရွက်နေ

...ကိစ္စများကို
...တာမကဘဲနဲ့
...စာချုပ်များ
...cific နိုင်ငံ
...တော့ မူးယစ်
...ပ်။
...မှာလားလို့
...ာင်အတွင်း
...များအနက်
...ရန်၊ အဖျက်

သမားတွေကို တိုက်ဖျက်ချေမှုန်းရန်၊ ပြည်ပရန်ကို ပူးပေါင်းကာကွယ်တိုက်ဖျက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ အချက်များလည်း ပါဝင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ နိုင်ငံတော် အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**ဦးကိုကို(ယူမီယူရီရှင်ဘွန်း)**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်တဲ့ လုပ်ငန်းတွေဟာ အထိုက်အလျောက် အောင်မြင်နေတယ်ဆိုတာကတော့ ဒီနေ့ပြုလုပ်တဲ့ပွဲရော၊ ပြီးခဲ့တဲ့လက ရန်ကုန်မှာပြုလုပ်သွားတဲ့ပွဲတွေမှာလည်း ကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းမှာပဲ ငြိမ်းချမ်းရေးအဖွဲ့တွေဟာ မူးယစ်ဆေးဝါးတွေနဲ့ ပါဝင်ပတ်သက်နေတယ်ဆိုပြီးတော့ ပြောနေဆိုနေကြတာတွေလည်း ကြားမှာပါခင်ဗျ။ အဲဒီလိုမျိုး ပြောနေဆိုနေကြတာတွေဟာ ပြည်ပအသံလွှင့်ဌာနတွေရော၊ တချို့သော နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ပြောနေကြတာ ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေက မူးယစ်ဆေးဝါးမှာ ပါဝင်ပတ်သက်တယ်ဆိုတဲ့အပိုင်းကို ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။ နိုင်ငံတော်အနေနဲ့ ဒီကိစ္စကို ဘယ်လိုသဘောထားပါသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

စောစောက ဦးကိုကို မေးတဲ့မေးခွန်းကတော့ ငြိမ်းချမ်းရေးအဖွဲ့များ မူးယစ်ဆေးဝါးနဲ့ ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ဒီစွပ်စွဲချက်က၊ ဒါတခြားနိုင်ငံက စွပ်စွဲချက်တွေပေါ့လေ။ ဒီစွပ်စွဲချက်တွေဟာ ယေဘုယျဆန်ဆန် ရမ်းသန်းပြီးတော့ စွပ်စွဲတဲ့ စွပ်စွဲချက်တွေဖြစ်ပါတယ်။ တကယ်တော့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သက်နေတာမဟုတ်ဘဲနဲ့ အချို့ Caseတွေမှာ ဒီအဖွဲ့အစည်းထဲမှာရှိတဲ့ လူပုဂ္ဂိုလ်အချို့ရဲ့ ပါဝင်ပတ်သက်မှုသာ ဖြစ်ပါတယ်။

ဥပမာ ဒီဝမ်ယိမ်း Caseမှာကိုက မူးယစ်ဆေးဝါးဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ဘိန်းစုဆောင်းပေးတဲ့ကိစ္စ၊ နေရာကို ငှားတဲ့ကိစ္စမှာ တရားခံပြေးဖြစ်နေတဲ့ SSNAခွဲထွက်အဖွဲ့မှ ဒုဥက္ကဋ္ဌမောင်လုနဲ့ အပေါင်းအပါအချို့ ပါဝင်ပတ်သက်ပြီးတော့ ကျန်တဲ့ငွေကြေးကိစ္စတွေ၊ Precursor Chemical ခိုးသွင်းလာတဲ့ကိစ္စတွေ၊ ဖြန့်ဖြူးရောင်းချတဲ့ကိစ္စတွေ၊ နိုင်ငံတကာဈေးကွက်ရောက်တဲ့ကိစ္စတွေမှာ အခြားလူများ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း SSNA ခွဲထွက်အဖွဲ့အနေနဲ့ သိလျှင်သိချင်း အဖွဲ့ကနေ သူတို့ကို ထုတ်ပယ်လိုက်ပြီးဖြစ်ပါတယ်။

အလားတူပဲ ၂၀၀၅ခုနှစ် စက်တင်ဘာလတုန်းက တစ်ကြိမ်၊ ရှမ်းအရှေ့နမ့်စန်ဒေသမှာ အဖွဲ့အစည်းတစ်ခုရဲ့ အခုလိုပဲ မူးယစ်ဆေးဝါးကိစ္စ ဖမ်းမိခဲ့ပါတယ်။ အဲဒီမှာလည်း အဲဒီဘိန်းသယ်လာတဲ့အဖွဲ့ကို ခေါင်းဆောင်တဲ့ အဖွဲ့အစည်းနဲ့ သီးခြားပဲသက်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် သူတို့အဖွဲ့အစည်းကလည်း အဲဒီပုဂ္ဂိုလ်ကို ထုတ်ပယ်လိုက်ပါတယ်။ ကျွန်တော်တို့ကလည်း အဲဒီပုဂ္ဂိုလ်ကို တရားဥပဒေအရ ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်သွားပါတယ်။ ဆိုလိုတဲ့သဘောကတော့ အဖွဲ့အစည်းတစ်ခုလုံးနဲ့ မဆိုင်ပါဘူး။ သက်ဆိုင်ရာ ပါဝင်ပတ်သက်တဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ဆောင်ရွက်ချက်သာဖြစ်တယ်လို့ ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းကတော့ ဘယ်လိုကိုင်တွယ်မလဲလို့ မေးတာထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်က ၁၅နှစ် စီမံကိန်းချမှတ်ထားပါတယ်။ မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်ထားပါတယ်။ အဲဒီဟာတွေအပေါ် မူတည်ပြီးတော့ ပြည်သူကို အသိပညာပေးခြင်းနဲ့ တားဆီးနှိမ်နင်းရေးနဲ့ ကျွန်တော်တို့က မူးယစ်ဆေးဝါးကို ၂၀၁၄ခုနှစ်မှာ ပပျောက်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အဲဒီဟာက ငြိမ်းချမ်းရေးအဖွဲ့ရယ်၊ ဘယ်အဖွဲ့အစည်းရယ် စသည်ဖြင့် သီးခြားတစ်ဖွဲ့ချင်းအပေါ်မှာ သတ်မှတ်ထားတဲ့ ဥပဒေမဟုတ်ပါဘူး။ အားလုံးအပေါ်မှာ ဒီနည်းလမ်းအတိုင်းပဲ မူးယစ်ဆေးဝါး ပပျောက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သီးခြား သူ့အတွက် ကိုင်တွယ်တဲ့ဥပဒေရှိလည်း မရှိပါဘူး။ ဆောင်လည်း ဆောင်ရွက်မှာမဟုတ်ပါဘူးလို့ ဖြေကြားလိုပါတယ်။ (သတင်းစဉ်)

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဥ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် အခြားတက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(အောက်ပုံများ) (သတင်းစဉ်)

## ပထမအကြိမ် စနူကာအလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

အားကစားဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် လမ်းမတော်မြို့နယ် သံဈေးပလာဇာရှိ လမ်းမတော် ဘီလိယက်နှင့် စနူကာ (Pelican Co.,Ltd)တို့ပူးပေါင်း၍ ပထမအကြိမ် စနူကာ အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲကို ဇူလိုင် ၂၆ရက်မှစ၍ နေ့စဉ်နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ဇူလိုင် ၂၄ရက် နံနက် ၉နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးကျပ် ၂၀၀၀နှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်သည်။ အလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲတွင် အကြီးတန်းနှင့်လက်ရွေးစင်အားကစားသမားတစ်ဦးနှင့် အငယ်တန်း၊ အပျော်တမ်း အားကစားသမားတစ်ဦးစီကို မဲနှိုက်၍ လူတွဲပေးပြီး မဲခွဲကာ ကျင်းပမည်ဖြစ်သည်။

ဆုကြေးအဖြစ် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ဦးညွန့်လှိုင်အားခန့်အပ်

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးညွန့်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ဦးမင်းသိန်းအားခန့်အပ်

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမင်းသိန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

## တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သော ရောဂါများအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သော ရောဂါများအကြောင်း (Zoonotic Diseases from Animals to Man) စဉ်ဆက်မပြတ်ဆေးပညာ အသိပေးဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ဇူလိုင် ၂၂ရက်(စနေနေ့) နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁)ရှိ အဏုဇီဝဗေဒဌာနနှင့် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၌ မှတ်ပုံတင်ပြီး တက်ရောက် နိုင်ကြောင်းနှင့် မှတ်ပုံတင် တက်ရောက်သူများအား ဟောပြောပွဲ စာအုပ်များပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဂျီအက်(စ်)အမ်ဖုန်းဖြင့် စာတိုပေးပို့ခြင်း ဗိုလ်လုပွဲ–ပွဲစဉ်နှင့် ရှင်းလင်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

**Mobile Technologyကို လူတိုင်း အသုံးပြုလာကြစေရန် ရည်ရွယ်ချက်ဖြင့် ဂျီအက်(စ်)အမ်ဖုန်းရှိသူတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်သည့် SMS Shootout 2006 Contest နောက်ဆုံးဗိုလ်လုပွဲ–ပွဲစဉ်နှင့် Web2SMS မိတ်ဆက်ပေးခြင်း အခမ်းအနားကို Myanmar Information Technology Pte. ,Ltd. (MIT) က ကြီးမှူး၍ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ်ရှိ Myanmar Info-Tech. အခန်းအမှတ် (၂၀၅) ၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား MIT, Mobile Mate, Queen Star ကုမ္ပဏီတို့က ဆုများချီးမြှင့်မည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲနှင့်အတူ ဂျီအက်(စ်)အမ်ဖုန်း အသုံးပြု၍ ဆက်သွယ်ရေးက ခွင့်ပြုထားသည့် Internet Website များပေါ်မှ စီးပွားရေးသတင်း၊ ဈေးကွက်ဈေးနှုန်း၊ အားကစားသတင်း စသည့်သတင်း အချက်အလက်များကို SMS ပေးပို့မေးမြန်းနိုင်သည့် Web2SMS. ဝန်ဆောင်မှုအကြောင်းကို မိတ်ဆက်ရှင်းလင်း တင်ပြမည်ဖြစ်သည်။ Web2SMS ဝန်ဆောင်မှုသည် စုံစမ်းမေးမြန်းသည့် အချိန်တွင် Intelligent Agent အသုံးပြု၍ အချက်အလက်များကိုရှာဖွေပြီး SMS ဖြင့် ပြန်လည်ဖြေဆိုသည့် နည်းပညာအသစ်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။

**မေးမြန်းနိုင်**

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၆၆၈၇၇၉၊ ၆၅၀၁၂၄၊ ၆၆၈၂၅၉၊ ၆၅၂၃၀၂နှင့် ၆၅၂၃၀၃ တို့သို့ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

➪ (၅၉)နှစ်မြောက်မှ

အတွင်းရေးမှူး ဦးတင်စိုးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲအတွင်းရေးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် နံနက် ၇နာရီ ၅၅မိနစ်တွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ (၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက အာဇာနည်ဗိမာန် ရင်ပြင်ပေါ်သို့ ကြိုဆိုလာသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ အားလုံးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

## လွမ်းသူ့ပန်းခွေချ အလေးပြု

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြေစိုက် ဦးခိုက်အလေးပြုခြင်း၊ သေနတ်မြှောက် အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြု ခရာမှုတ်ခြင်းများကို ဆောင်ရွက်ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြပြီး နှစ်မိနစ် ငြိမ်သက်စွာ နေကြသည်။

ထို့နောက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

## မေတ္တာပို့ အမျှပေးဝေ

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကြကာ မေတ္တာပို့ အမျှပေးဝေကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ဂူဗိမာန်၌ သခင်မြ မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘချို၏ဂူဗိမာန်၌ ဦးဘချို၏မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားမိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်းမိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးရာဇက်၏ဂူဗိမာန်၌ ဦးရာဇက်မိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မန်းဘခိုင်၏ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၁၀ မှ

အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

### လွမ်းသူ့ပန်းခွေချ

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomezဦးဆောင်သော နိုင်ငံခြား သံရုံးအသီးသီးမှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

### အလေးပြု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဦးအုန်းမောင်၏ဂူဗိမာန်၌ ဦးအုန်းမောင် မိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ ရဲဘော်ကိုထွေးမိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

### လွမ်းသူ့ ပန်းခွေချ

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

## လဲချားမြို့နယ် ဝမ်ယိုင်ရွာ၌ လက်ထောက်ကျန်းမာရေးမှူးတစ်ဦး သောင်းကျန်းသူပစ်ခတ်မှုကြောင့် သေဆုံး

**ရန်ကုန် ဇူလိုင် ၁၉**

ရှမ်းပြည်နယ် တောင်ပိုင်း လဲချားမြို့နယ် ဝမ်ယိုင်ရွာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဇူလိုင် ၆ ရက် နံနက် ၆ နာရီကျော်ခန့်တွင် ဗီဒီယိုသီချင်းခွေကြည့်နေသော လက်ထောက်ကျန်းမာရေးမှူး ဦးထူးဂျာ(၃၅)နှစ် (ဘ)ဦးလဖြာလုအား ဆိုင်အပြင်မှ ရှမ်းဘာသာဖြင့် “ဆေးမှူးရှိလား” ဟု မေးမြန်းသဖြင့် ဦးထူးဂျာက တံခါးဖွင့်ပြီး ဆိုင်အပြင်သို့ထွက်စဉ် စိစစ်ဆဲ သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးက သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ရာ ဦးထူးဂျာသည် လည်ပင်းညှပ်ရိုးအောက်အနီးသို့ ထိမှန်ပြီး ရရှိသော ဒဏ်ရာကြောင့် ၎င်းနေရာ၌ သေဆုံးသွားသည်။ ဦးထူးဂျာအား သေနတ်ဖြင့် ပစ်ခတ်သူ သောင်းကျန်းသူ နှစ်ဦးနောက်သို့ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘဒ္ဒန္တဝိစာရာဘိဝံသ ပျံလွန်တော်မူ

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်း မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် ရွှေသင်းဓမ္မာစရိယကျောင်းမှ ပဓာနနာယကဆရာတော် သက်တော်(၈၀)၊ သိက္ခာတော် (၆၀) ရှိ ဘဒ္ဒန္တဝိစာရာဘိဝံသသည် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက် ယနေ့နံနက် ၂ နာရီတွင် ရွှေသင်းဓမ္မာစရိယကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီး ဇူလိုင် ၂၄ ရက်တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ကောင်း မကောင်းပြု ကံနှစ်ခု တရားတော်အသံလွှင့်ဟောကြားမည်

**ရန်ကုန် ဇူလိုင် ၁၉**

၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့ ဇူလိုင် ၂၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကဘဒ္ဒန္တပဏ္ဍိတ ဘဒ္ဒန္တဇောတိကက “ကောင်း မကောင်းပြု ကံနှစ်ခု” တရားတော်ကို မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ဓနုတိုင်းရင်းသားမိသားစုများ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့တွင် ဝါကပ်တော်မူကြသော ဓနုတိုင်းရင်းသား သံဃာတော်အရှင် မြတ်အပါး ၁၆၀ ကျော်တို့အား ဇူလိုင်၂၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂ နာရီအထိ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ဓနုတိုင်းရင်းသားဓမ္မာရုံတွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပြီးနေ့ဆွမ်းဆက်ကပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် မိသားစုဝင်များ ကြွရောက်ကြည်ညို သဒ္ဓါတရားပွားများကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၁၉–၇–၂၀၀၆**

**သံတွဲ**
၈၁သမ ၉၄လက်မ
**သထုံ**
၅၁သမ ၅၉လက်မ
**ရေး**
၃၁သမ ၉၈လက်မ
**ပင်လောင်း**
၃၁သမ ၆၂လက်မ
**ကျောက်တော်**
၃၁သမ ၃၁လက်မ

# သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (မွေး/ရေ)

ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ် ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## တိုက်တွန်း

ညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း သားငါးကဏ္ဍ ပြည်ပပို့ကုန် တိုးမြှင့်ရေးကို မျှော်မှန်း ကြိုးပမ်းလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များကလည်း တက်ညီလက်ညီကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း။

## တင်ပြဆွေးနွေး

ယခုနှစ်အတွင်း ပြည်ပပို့ကုန်အဖြစ် ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၄၀၀ ကျော် တိုးတက်ရှာဖွေရေးအတွက် မျှော်မှန်းထားရာ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည်များကို တင်ပြဆွေးနွေးနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က လုပ်ငန်းရှင်များအား ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းမှာကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ငါးပုစွန် အစာထုတ်လုပ် ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်း ရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် အသီးသီး ဆွေးနွေး တင်ပြကြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ကွယ်လွန်သူ ဖခင် ဦးထွန်းမြိုင်-မိခင်ဒေါ်မိတို့အား ရည်စူး၍ တွံတေးမြို့ ကွမ်းခြံရပ်ကွက်နေ သားသမီးမြေးများတစ်စုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာ ယဉ်မင်းဦး(ခ) ဒေါက်တာနိုက်တင်ဂေးလ်က အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် တည်ဆောက်မည့် မြန်မာပညာတော်သင်ရဟန်းများ ဖွံ့ဖြိုးရေး အဖွဲ့ပိုင်ကျောင်းဆောင်အတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ အရှင်ရာဇိန္ဒနှင့် အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ဇူလိုင် ၁၄ ရက်ကကျင်းပသည့် တာမွေမြို့နယ် မလွကုန်းဒွေးကြွယ် (က)ရပ်ကွက် အမက (၉)တာမွေ အမှိုက်ကင်းစင်ရေး ကျောင်းအထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှခိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်မေအား ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အမှိုက်ပုံးများပေးအပ်စဉ်။** (ပညာရေး)

# အောင်ပွဲရ မြန်မာဂျူဒိုအဖွဲ့အား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၁၉**

ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ထိုင်းနိုင်ငံ ချာတာပူရီမြို့၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ ဂျူဒို အားကစားအဖွဲ့အား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၆ ရက်ညက ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ လက်ရွေးစင်စားသောက်ဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရ မြန်မာ့ဂျူဒိုအဖွဲ့ ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးစောရွှေက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ၄၂ကီလိုတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော မမိုးစန္ဒာထွန်းအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ၅၂ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု တစ်ခုရရှိသော အေးအေးသင်းနှင့် ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု တစ်ခုရရှိသော သန္တာဝင်းတို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်မြင့်မြင့်အေး ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ရွှေတံဆိပ်ဆုရှင် မမိုးစန္ဒာထွန်းအား ဂုဏ်ပြုဆုငွေကျပ် ၂၅၀၀၀၀ ကိုလည်းကောင်း၊ ကြေးတံဆိပ်ဆု ရရှိကြသော အေးအေးသင်းနှင့် သန္တာဝင်းတို့အား ဂုဏ်ပြုဆုငွေကျပ် ငါးသောင်းစီကိုလည်းကောင်း ထပ်မံ၍ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက မြန်မာ့ဂျူဒို အားကစားအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေ၊ မြန်မာ့လက်ရွေးစင် အမျိုးသားနည်းပြ ဦးဉာဏ်စိုးနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးနည်းပြ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီသီရှိန်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အောင်ပွဲရ မြန်မာ့ဂျူဒို အားကစားအဖွဲ့ကိုယ်စား ရွှေတံဆိပ်ဆုရှင် မမိုးစန္ဒာထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါ်မြင့်မြင့်အေးက ရွှေတံဆိပ်ရှင် မမိုးစန္ဒာထွန်းအား ဂုဏ်ပြုနှုတ်ဆက်စဉ်။** (ဂျူဒိုအဖွဲ့ချုပ်)

# အဘိဓမ္မာပြန့်ပွားရေးအသင်း ဝါတွင်းတရားပွဲ

**ရန်ကုန် ဇူလိုင် ၁၉**

ဆူးလေစေတီတော်ရင်ပြင် အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ဝါတွင်း တရားပွဲအဖြစ် ဝါတွင်းသုံးလဥပုသ်နေ့ တိုင်း မွန်းလွဲ ၁နာရီ၌ ကျင်းပမည်ဖြစ်ရာ နေနတ်သားစာသင်တိုက် စာချ ဆရာတော် အရှင်သုစိတ္တ(သာသနဓဇမ္မာစရိယ) က ဝါခေါင်လဆန်း ၈ရက် (အင်္ဂါနေ့) တွင်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာထေရ်မြတ် အဘိဓဇမဟာရဋ္ဌဂုရုက ဝါခေါင်လပြည့်နေ့တွင် လည်းကောင်း၊ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစရိယ အဂ္ဂမဟာပဏ္ဍိတက ဝါခေါင်လပြည့်ကျော် ၈ရက်တွင်လည်းကောင်း၊ ဘဒ္ဒန္တစရိယ သာသနာ့ဓဇသိရီပဝရ ဓမ္မာစရိယ အောင်မင်္ဂလာ ကျားကျောင်း စမ်းချောင်းမြို့နယ်က ဝါခေါင်လကွယ်တွင်လည်းကောင်း၊ ပါဠိကာရီ ကျောင်းတိုက် သာကေတမြို့နယ်မှ ဘဒ္ဒန္တ အင်္ဂီသ အဂ္ဂမဟာပဏ္ဍိတ က တော်သလင်းလဆန်း ၈ရက် (ဗုဒ္ဓဟူးနေ့) တွင် လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာများ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေဝယ်ယူရန် ငွေလှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်ညွန့်စိန်အားရည်စူး၍ ရန်ကုန်မြို့၊ သမိုင်း(၁)ရပ်ကွက်နေ ဦးကိုလေး-ဒေါ်ဆွေဆွေလတ်၊ မောင်ခိုင်ထွန်း၊ မောင်ဇော်လင်းအောင်၊ မမြမြဝင်း၊ မောင်ရဲပိုင်တင်၊ မနွယ်နွယ်ဝင်း မောင်နှမတစ်စုက အလှူတော်ငွေကျပ် ၁၁၁၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ(နာလန္ဒာ)ထံ ဇွန် ၂၅ရက်က ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများဖြစ်ကြသော ဟဲဟိုးမြို့နေ (ဦးထွန်းမြိုင်) ဒေါ်ကီး၊ ရန်ကုန်မြို့နေ (ဦးအေး)ဒေါ်ကြည်မြင့်တို့အား အမှူးထား၍ ဦးအောင်ကင်း(ခ) ဦးကျော်စိန်-ဒေါ်နော်အေးမူ၊ သမီးမအိအိအောင်၊ မယုယုကျော်၊ သား မောင်ထက်ပိုင်၊ မောင်ဝေဖြိုး၊ နန်းကုန်းကွက်သစ် ဟဲဟိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (MA) ရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးကြီး ဦးတင်ထွတ်နိုင်(ငြိမ်း)ထံ ဇွန် ၂၅ရက်က ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

**ရန်ကုန် ဇူလိုင် ၁၉**

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၃၁စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဇူလိုင် ၁၉**

၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့၊ ဇူလိုင် ၂၄ရက်(တနင်္လာနေ့) ည ၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ဇေယျဝတီစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပဏ္ဍဝံသသည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## မန္တလေးအသင်း( ရန်ကုန် ) ဝါဆိုသင်္ကန်းလှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၉**

မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း(၃၀)ထောင့် အမှတ် (၆၂၈/၆၃၂)ပထမထပ်ရှိ မန္တလေးအသင်းတိုက် ရတနာပုံ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ မန္တလေးအသင်းဝင်များ၊ မိတ်သင်္ဂဟများ ကြွရောက်ပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မန္တလေးအသင်း (ရန်ကုန်) ဖုန်း-၃၈၈၆၀၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မှဲ့ရှင်ဆရာတော် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာအုပ်စု သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအနီးရှိ ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ သက်တော်(၆၈)နှစ်ပြည့် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၈ရက် (ဝါခေါင်လပြည့်နေ့) နံနက် ၉နာရီတွင် မဟာမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက် ပရိဝုဏ်၌ ကျင်းပမည် ဖြစ်ရာ ဆရာတော် သံဃာတော်များအား သင်္ကန်းသတ်လွတ် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆေးရုံကြီးများသို့ အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၁၉**

တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သူရလမ်းနေ ဦးကြွယ်၏ (၇၆)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးနှင့် ရန်ကုန်ကလေးဆေးရုံကြီးတို့သို့ အလှူငွေကျပ်တစ်သိန်းစီ လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် နံနက် ၁၁နာရီက ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးကြွယ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် တစ်သိန်းစီ ပေးအပ် လှူဒါန်းရာ **(အပေါ်ပုံ)** အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဆေးရုံအုပ်ကြီးကိုယ်စား ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (ကလေးဆေးရုံကြီး)

## တန့်ကြည့်တောင်ဝိပဿနာ (၇)ရက်အဓိဋ္ဌာန်ပွဲများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီး၊ ကုန်းတလပေါင် ကျေးရွာအနီးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ ခုနစ်ရက်အဓိဋ္ဌာန်ပွဲများ ကျင်းပမည်ဖြစ်သည်။

ဇူလိုင် ၂၁ရက် ညနေမှ ၂၈ရက် နံနက်အထိ၊ ဩဂုတ် ၂၅ရက် ညနေမှ စက်တင်ဘာ ၁ရက် နံနက်အထိ၊ စက်တင်ဘာ ၂၂ရက် ညနေမှ စက်တင်ဘာ ၂၉ရက် နံနက်အထိ၊ အောက်တိုဘာ ၂၀ရက် ညနေမှ အောက်တိုဘာ ၂၇ရက် နံနက်အထိ၊ နိုဝင်ဘာ ၂၄ရက် ညနေမှ ဒီဇင်ဘာ ၁ရက် နံနက်အထိ ငါးကြိမ်ပြုလုပ်မည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လိုသော ယောဂီများသည် ရိပ်သာ ဖုန်း-၆၃၈၀၈၈ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## နိုင်ငံတော်ဩဝါဒါစရိယ၊ မန္တလေးတိုင်း၊ မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်၊ မဟာဓမ္မိကာရာမတိုက်၊ ရွှေသင်းဓမ္မာစရိယကျောင်းမှ ဆရာတော်ဘဒ္ဒန္တဝိစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၊ ထိန်ကန်ရွာ၊ ခမည်းတော်ဦးဆိတ်-မယ်တော်ဒေါ်မြတို့မှ ၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရှစ်နှစ်သားအရွယ်တွင် ရမည်းသင်းမြို့ ရွှေဂူဂိုဏ်းထောက် လေသာ အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကေလာသရိယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်နှစ်ပါးနှင့် ကျောင်းအမကြီး ဒေါ်အေးပိုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၃၀၇ခုနှစ်၊ ကဆုန်လဆန်း ၁၅ရက် နံနက် ၇နာရီတွင် ရမည်းသင်းမြို့ လေသာတိုက် ခဏ္ဍသိမ်တော်၌ ရွှေဂူဂိုဏ်းချုပ်သိမ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်များနှင့် ထိန်ကန်ရွာ ဦးချစ်စု-ဒေါ်ဖွားရင် မိသားစု၊ ကူးတို့ရွာ ဦးချစ်ဆွေ-ဒေါ်ခင်မြင့် မိသားစု၊ မန္တလေးမြို့ နေဝင်းပုံနှိပ်တိုက် ဦးမောင်မောင်-ဒေါ်တင်ညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် လေသာတိုက် အနောက်ကျောင်း ဆရာတော်၊ သိမ်ဦးအရှေ့ကျောင်းဆရာတော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် ဦးကောသလ္လ၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ဦးရေဝတ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးဉာဏာဘိဝံသ၊ တောင်သမန်တိုက် ဆရာတော် ဦးကေသဝစသော ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ ဓမ္မာစရိယတန်းကို အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကိုရရှိတော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေတို့အား လေးနှစ်တိုင်တိုင် စာပေပို့ချတော်မူ၍လည်းကောင်း၊ ၁၃၂၅ ခုနှစ်မှစ၍ မဟာဓမ္မိကာရာမတိုက် ရွှေသင်းဓမ္မာစရိယကျောင်းတွင် စာလိုက်သံဃာ ၁၀၀ကျော်တို့အား နေ့ဝါ၊ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ယမကနိသ်ကျမ်း၊ မဟာဝဂ္ဂါဒိနိသ်ကျမ်း၊ ရွှေသင်းပါရာဇိကဏ် အဖြေလွှာကျမ်း၊ ရွှေသင်းအဋ္ဌသာလိနီအဖြေလွှာကျမ်း၊ ရွှေသင်းခန္ဓာငါးဖြာမီးလောင်းစာကျမ်းတို့ကို ရေးသားတော်မူ၍လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ တတိယအကြိမ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူပြီး ပရိယတ္တိဝိသာရဒ လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ဝိစာရာဘိဝံသအား ၁၃၅၃ခုနှစ် (၁၉၉၂ခုနှစ်)တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၀)ပြည့်၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ရက်၊ ၁၉-၇-၂၀၀၆(ဗုဒ္ဓဟူးနေ့)နံနက်၂နာရီအချိန်တွင် သီတင်းသုံးတော်မူရာ ရွှေသင်းဓမ္မာစရိယကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ရက်၊ ၂၄-၇-၂၀၀၆(တနင်္လာနေ့)တွင်အန္တိမ အဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်ရှိနိုင်

**ရန်ကုန် ဇူလိုင် ၁၉**

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၅စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၀-၇-၂၀၀၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း-၄၈)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၇။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဘဝနေနည်း ရှေ့ခရီးမှာ
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း-၁၇)**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းနည်းစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ၂၀၀၆ခုနှစ် ဇူလိုင် ၁၇ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များဆုံးရှုံး ပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလို၊ ဘန်ဘန်း၊ ယူဒါယိုနိုထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွမ်းသူ့ပန်းခွေချအလေးပြု

ရန်ကုန်   ဇူလိုင်   ၁၉

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ➪

**(၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တက်ရောက်လာသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြုကြစဉ်။**
(သတင်းစဉ်)

## ယနေ့မိုးလေဝသ

(၂၀-၇-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမှုအခြေအနေ

ဘိန်းစိမ်း ၂၂၉ဒသမ ၂၈၉၆၄ကီလို၊ ဘိန်းဖြူ သုညဒသမ ၀၄၅၈ကီလို၊ ဘိန်းညိုမှုန့် ၃၄၅ ဒသမ ၃၉၈ကီလို၊ ဘိန်းဆီခဲ ၂ဒသမ ၀၂၇၆၄ကီလို၊ အဆင့်နိမ့်ဘိန်း ၁ ဒသမ ၁၇၁၂ကီလို၊ ဆေးခြောက် သုညဒသမ ၁၈၇၆၄ကီလို၊ ဘိန်းရည်ရော ချောင်းဆိုးပျောက်ဆေးရည် သုညဒသမ ၀၀၇လီတာ၊ ဘိန်းရည် ၆၇၀ ဒသမ ၄၅လီတာ၊ အီသိုင်းအီသာ ၃၈၀လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၂၃၂ ဒသမ ၅လီတာ၊ အမိုနီယမ်ကလိုရိုဒ် ၆၇၀ ဒသမ ၅ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၂၀၀ကီလို၊ လှိုင်ဖော့အရည် ၇၅၈လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၈၆ပြား၊ ဘိန်းမျိုးစေ့ ၂၈၅၂၆ ဒသမ ၈၇၇ကီလို၊ ဘိန်းစေ့ခြောက် ၉၉၂ ဒသမ ၈၆၄ကီလိုတို့ဖြစ်ပြီး ကာလပေါက်ဈေးသည် မြန်မာငွေကျပ် ၂၈၃၇၇ ဒသမ ၅၅သန်းဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉၉သန်း တန်ဖိုးရှိ။